# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၂၅)၊ ၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ၂၈-၁၀-၂၀၂၅၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

### ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကျင်းပ

# ၂၀၂၄ သန်းခေါင်စာရင်း အစီရင်ခံစာသည် မိမိတို့နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒချမှတ်နိုင်ရန် လမ်းပြမြေပုံတစ်ခုအဖြစ် အကျိုးရှိရှိ အသုံးပြုရန်အရေးကြီး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအထိမ်းအမှတ် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၇**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၈ရက်၊ အင်္ဂါနေ့။

မန္တလေးနေ့စဉ်

# ကြိုတင်ပြင်ဆင် အောင်ပွဲဆီသို့

အလုပ်တစ်ခု အောင်မြင်ရေးအတွက် ထိုအလုပ်၏ အခက်အခဲများကို မလွဲမသွေကျော်ဖြတ်ရမည်ဖြစ်သည်။ ထိုသို့ ကျော်ဖြတ်ရာတွင် မိမိ၌ စွမ်းရည်ရှိကြရမည်ဖြစ်သည်။ ကျော်ဖြတ်နိုင်စွမ်းရှိအောင် ကြိုတင်လေ့ကျင့်ထားရန်လည်းလိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်ခြင်းဟူသည် အောင်မြင်ခြင်း၏ မိတ်ဆွေဖြစ်သည်။ အောင်မြင်မှုကို ရယူလိုသူသည် ကြိုတင်ပြင်ဆင်ခြင်းဖြင့် အရင်းတည်ရ၏။ လူတိုင်းအတွက် "ကြိုတင်ပြင်မှ အောင်ပွဲရ" စကားပုံသည် အသက်တမျှ အရေးပါလှသည်။ စကားပုံ၏ အနက်အဓိပ္ပာယ်မှာ အမှုကိစ္စအဝဝကို ကြိုတင်ပြင်ဆင်မှုဖြင့် လုပ်ဆောင်လျှင် မုချအောင်မြင်မည်ဖြစ်သည်။ ဇာတ်ပွဲများ ကျင်းပရာတွင်လည်း ပွဲမထွက်မီ အကြိမ်ကြိမ် အဖန်ဖန်လေ့ကျင့်ကြရသည်။ ထို့အတူ ရုပ်ရှင်နှင့်ပြဇာတ်များကို ရိုက်ကူးရာ၌လည်း အစမ်းသရုပ်ဆောင်ကြရသည်။ သို့မှသာအောင်မြင်သော ရုပ်ရှင်ကားတစ်ကားဖြစ်လာမည်ဖြစ်သည်။ ဇာတ်တိုက်မထားသောပြဇာတ်သည် အဆင်ပြေမည်မဟုတ်ပါ။ ထို့ကြောင့်လည်း ရှေးလူကြီးများက "ပွဲမဝင်ခင် အပြင်ကကျင်းပ"ဟုဆိုရိုးပြုခဲ့သည်။ ဆရာကောင်းတစ်ဦး ဖြစ်လိုလျှင် ပြင်၊ သင်၊ စစ် ဟူသော အင်္ဂါရပ်တို့ကို စွဲကိုင်ထားရမည်ဖြစ်သည်။ ပြင်ဆင်ခြင်း၊ သင်ကြားခြင်း၊ စစ်ဆေးခြင်း ကောင်းမှသာ မြတ်ဆရာဖြစ်မည်။

ထို့အပြင် "အနာခံမှ အသာစံရ"ဟု ရှေးမြန်မာတို့ စကားပုံထား၍လည်းမှာကြားခဲ့သည်။ နေရိပ်ကိုလိုလျှင် နေပူက စောင့်ရပေလိမ့်မည်။ လောက၌ ပေးဆပ်ခြင်းမရှိလျှင် ရယူခြင်းကင်းပေလိမ့်မည်။ သို့ဖြစ်၍ အောင်ပန်းကိုလိုလျှင် ကြိုတင်ပြင်ဆင်ခြင်းတည်းဟူသော မျိုးစေ့ကို ကြဲသင့်သည်။

လေ့ကျင့်မှ ကျွမ်းကျင်သည်၊ ကျွမ်းကျင်မှ လိမ္မာသည်ပင်ဖြစ်သည်။ လေ့ကျင့်မှုနည်းသောကစားသမားသည် အဘယ်နည်းဖြင့် အောင်ပွဲကိုရရှိနိုင်လိမ့်မည်မဟုတ်ပါ။ အားကစားသမားတိုင်းသည် ကြိုတင်လေ့ကျင့်ခြင်းကို အဖော်ပြုမှ အောင်ပန်းဆွတ်ခူးနိုင်မည်။ ထို့ကြောင့်လည်း အင်းလူမျိုးတို့က "ရေမတိုးမီ တံတားဆောက်ပါ" ဟုဆိုရိုးပြုခဲ့ကြသည်။ ကချင်လူမျိုးတို့က "လယ်မလုပ်မီ ထွန်တုံးထွန်တံကို ပြင်ဆင်ထား"ဟု မှတ်ချက်ပြုခဲ့ကြသည်။ "လေကမ်းမဆိုက်မီ တက်ဖြင့် ကြိုထိုးပါ"ဟု မွန်လူမျိုးတို့က တစ်ဖုံ၊ "ဝါးမရမီ ဓားရိုးခုတ်ထား၊ မိုးမကျမီ ခေါင်မိုးပြင်ထား"ဟု ကရင်လူမျိုးတို့က တစ်သွယ်သတိပေးခဲ့ပြန်သည်။

ကျောင်းသားများသည်လည်း စာသင်နှစ်စမှစကာ မှန်မှန်ကြိုးစားမှသာ စာမေးပွဲကို အောင်မြင်စွာဖြေဆိုနိုင်မည်ဖြစ်သည်။ ကြိုတင်ပြင်ဆင်မှ အောင်ပွဲဝင်မည်ဖြစ်သည်။ ပန်းချင်းတူသော်လည်း မဥ္ဇူသကနတ်ပန်းနှင့် မြက်ပင်တို့၏ ဘဝကခြားနားလှသည်။ တောင်ချင်းတူသော်လည်း မြင်းမိုရ်တောင်နှင့် ခြတောင်ပို့တို့၏ အရွယ်အစားက ကွာဟလွန်း၏။ လူချင်းတူသော်လည်း ကြိုတင်ပြင်ဆင်မှုရှိသူနှင့် မရှိသူတို့ အောင်မြင်ခြင်းလည်းကွာခြားနေမည်ဖြစ်သည်။ ကြိုတင် ပြင်ဆင်မှုရှိသူသည် အောင်မြင်မှုလည်းရရှိပိုင်ဆိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ လူတိုင်းအတွက် ရခဲလှသော လူ့ဘဝတွင် အောင်မြင်မှုရရှိလိုပါက ကြိုတင်ပြင်ဆင်မှ အောင်ပွဲဆီသို့ ရောက်ရှိလာမည်ဖြစ်ရာ ယနေ့မှစတင်ကာ အချိန်ကိုလေးစားတန်ဖိုးထားကာ အောင်မြင်မှုကို ရယူပိုင်ဆိုင်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် အောက်တိုဘာ ၂၇

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးသောင်းနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စု တရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၆/၂၀၂၅ (မွန်)၊ ၇/၂၀၂၅ (မွန်) နှင့် တရားမအထူးအယူခံမှု အမှတ် ၃၁/၂၀၂၅ (မန္တလေး)၊ ၃၂/၂၀၂၅ (မန္တလေး)၊ ၃၃/၂၀၂၅ (ကချင်)၊ ၃၄/၂၀၂၅ (ကချင်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၁၆/၂၀၂၅ (မန္တလေး)၊ ၂၃/၂၀၂၅ (ရန်ကုန်)၊ ၂၄/၂၀၂၅ (ရှမ်း) နှင့် ၂၅/၂၀၂၅ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၁ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၇-၁၀-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၉-၁၀-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁၀-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန
(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ ၄၂ လမ်း၊ လမ်း၈၀နှင့် ၈၁လမ်းကြား နှင့် အမရပူရမြို့နယ်၊ ဆင်ရှာမြင်းမူး ရှာဦးဘုန်းကြီးကျောင်းဘေး၊ ရွာလယ်လမ်းတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၂၈ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အောက်ကမ်းနားလမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ရှင်အရဟံသိမ်ရှေ့နှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ ၁၁၁လမ်း၊ ၆၄လမ်းနှင့် ၆၅ လမ်းကြားတို့တွင်လည်းကောင်း၊ အောက်တိုဘာ ၂၉ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တံမျက်စည်းစုရပ်ကွက်၊ ၄၂လမ်း၊ ၆၂ လမ်းနှင့် ၆၃လမ်းကြား၊ ဓမ္မာရုံရှေ့နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားတို့တွင်လည်း ကောင်း၊ အောက်တိုဘာ ၃၀ ရက်တွင် အမရပူရမြို့နယ်၊ မြစ်ငယ်ရပ်ကွက်၊ အောင်သပြေမွှောရုံ၊ ရွာလယ်လမ်းတွင်လည်း ကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ MIIT ကျောင်းရှေ့၊ ၇၃လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈ လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များတွင် ပါဝင်အားဖြည့်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ၊ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယိမ်းအဖွဲ့များက "နိုင်ငံ့အကျိုး သယ်ပိုးဆောင်ကြဉ်း၊ သန်းခေါင်စာရင်း" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်မှုသည် နိုင်ငံတော်အတွက် အဖိုးတန်သည့် စာရင်းအင်း၊ ကိန်းဂဏန်း အချက်အလက်များ ဖြစ်သောကြောင့် ပိုမိုလေးနက်ပြီး အဓိပ္ပာယ်ရှိသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာသည် နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့် မြို့ပြ၊ ကျေးလက်အလိုက်လူဦးရေအခြေအနေ၊ နိုင်ငံသူ နိုင်ငံသားများ၏ ပညာရေးအဆင့်အတန်း၊ လုပ်သားအင်အားအခြေအနေနှင့် အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ၎င်းတို့၏ နေထိုင်မှုပုံစံ စသည့် အခြေအနေများနှင့် မိမိတို့ မြန်မာနိုင်ငံ၏ အနာဂတ်ကို မီးမောင်းထိုးပြနေသည့် နေ့စဉ်လူနေမှုဘဝပုံစံများကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာပါ ကိန်းဂဏန်း အချက်အလက်များသည် ယနေ့ မိမိတို့မည်သို့ အခြေအနေရှိသည်ဆိုသည်ကို ထင်ဟပ်ပြသနေပြီး မနက်ဖြန်တွင်မည်သည့် အခြေအနေ ဖြစ်လာနိုင်မည်ဆိုသည်ကို ညွှန်ပြနေသည့် နိုင်ငံတော်၏ ကြေးမုံပြင်တစ်ချပ်ဟု ပြောရမည်ဖြစ်ကြောင်း။

**ဖွံ့ဖြိုးမှုလမ်းကြောင်းကို ပြသနေ**

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူမှု သမိုင်းကြောင်းကို ပြန်လည်လေ့လာ သုံးသပ်ကြည့်မည်ဆိုပါက လွတ်လပ်ရေးမရမီ ၁၈၇၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း သန်းခေါင်စာရင်း (၈)ကြိမ် ကောက်ယူခဲ့သည်ကို တွေ့ရှိရကြောင်း၊လွတ်လပ်ရေးရပြီးနောက် လူဦးရေ သန်းခေါင်စာရင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်တို့တွင် ကောက်ယူခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းနှင့်ဆိုပါက (၄)ကြိမ် ကောက်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယုံကြည်အားထားရသော အချက်အလက်မရှိသည့် နိုင်ငံသည် သံလိုက်အိမ်မြှောင်မပါဘဲ သင်္ဘောကို ထိန်းကျောင်းမောင်းနှင်နေခြင်းနှင့် တူနေသည်ဟုဆိုကြကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းက မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးမှုလမ်းကြောင်းကို ပြသနေသည့် သံလိုက်အိမ်မြှောင်ဟု တင်စားလိုကြောင်း၊ ထို့ပြင် သန်းခေါင်စာရင်းဆိုသည်မှာ နိုင်ငံ၏ အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်ကြောင်း၊ စီမံကိန်းရေးဆွဲသူများ၊ မူဝါဒချမှတ်သူများအနေဖြင့် ပိုမိုကောင်းမွန်သည့် ပညာရေးမျှော်မှန်းချက်များ ဖော်ဆောင်ရန်၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ မြှင့်တင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ လူမှုကူညီစောင့်ရှောက်ရေး လုပ်ငန်းများ ချဲ့ထွင်ရန် စသည့်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် သန်းခေါင်စာရင်းအချက်အလက်များသည် ယုံကြည်အားထားရသည့် နိုင်ငံ၏ အသက်သွေးကြောဟု ဆိုနိုင်ကြောင်း။

သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏကြီးမားရုံသာမက ငွေကြေးကုန်ကျမှုလည်း များလွန်းသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတော်၏ လက်ရှိ အခြေအနေနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သည့် လူဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များရရှိရန် အရေးကြီးပြီး ကုလသမဂ္ဂ၏ အကြံပြုချက်အရ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သန်းခေါင်စာရင်းကို (၁၀)နှစ် တစ်ကြိမ် ကောက်ယူရန် လိုအပ်ကြောင်း၊ ထို့ကြောင့် အခက်အခဲများ၊ စိန်ခေါ်မှုများကြားထဲကပင် သန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန် တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်းတွင် သန်းခေါင်စာရင်းကောက်ယူခဲ့ပြီးသည့်နောက် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်ပြီး အခြေခံအချက်အလက်အနေဖြင့် ချက်ချင်းအသုံးပြုနိုင်ရန် ရှေ့ပြေးလူဦးရေစာရင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် ဦးစွာ ထုတ်ပြန်ကြေညာပေးခဲ့ပြီး ဖြစ်ကြောင်း၊

စာမျက်နှာ ၄ သို့ »»»

☆ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာသည် နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေအခြေအနေ၊ နိုင်ငံသူ နိုင်ငံသားများ၏ ပညာရေးအဆင့်အတန်း၊ လုပ်သားအင်အားအခြေအနေနှင့် အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ၎င်းတို့၏ နေထိုင်မှုပုံစံ စသည့် အခြေအနေများနှင့် မိမိတို့ မြန်မာနိုင်ငံ၏ အနာဂတ်ကို မီးမောင်းထိုးပြနေသည့် နေ့စဉ်လူနေမှုဘဝပုံစံများကို ထုတ်ဖော်ပြသ

☆ အစီရင်ခံစာပါ ကိန်းဂဏန်းအချက်အလက်များသည် ယနေ့ မိမိတို့မည်သို့အခြေအနေရှိသည်ဆိုသည်ကို ထင်ဟပ်ပြသနေပြီး မနက်ဖြန်တွင် မည်သည့်အခြေအနေ ဖြစ်လာနိုင်မည်ဆိုသည်ကို ညွှန်ပြနေသည့် နိုင်ငံတော်၏ ကြေးမုံပြင်တစ်ချပ်ဟု ပြောရမည်ဖြစ်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားတွင် အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

»»» စာမျက်နှာ ၃ မှ

ယင်းသန်းခေါင်စာရင်း အချက်အလက်များကို ဆန်းစစ်လေ့လာထားသည့် ကိန်းဂဏန်းအချက်အလက်များနှင့် အညွှန်းကိန်းများ ပါဝင်သော သန်းခေါင်စာရင်း ပင်မအစီရင်ခံစာ ဖြစ်သည့် ပြည်ထောင်စု အစီရင်ခံစာ၊ အသုံးပြုသူများ လွယ်လွယ် ကူကူ ထုတ်နုတ် အသုံးပြုနိုင်မည့် အနှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းဇယားများကို ယနေ့ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာများတွင် လူဦးရေဆိုင်ရာ အချက်အလက်များ၊ ရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေး၊ လုပ်သားအင်အား၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်း အကြောင်းအရာ စသည့် အခန်းကဏ္ဍများပါဝင်ပြီး မိမိတို့နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုများစွာ ရရှိစေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည့်လုပ်ငန်းစီမံကိန်းများ အတွက်လည်း များစွာအသုံးဝင်မည်ဖြစ်ကြောင်း။

**မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး**

ထို့ပြင် လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်ရာတွင်လည်း ယခုသန်းခေါင်စာရင်း၏ လူဦးရေကိန်းဂဏန်းများက အထောက်အကူပြုလျက် ရှိကြောင်း၊ သန်းခေါင်စာရင်းက ဖော်ထုတ်ရရှိသည့် ပညာအရည်အချင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက်၊ နေထိုင်မှုပုံစံအလိုက် လူဦးရေကို သိရှိခြင်းအားဖြင့် ယင်းတို့နှင့်ပတ်သက်ပြီး လိုအပ်သည့်အစီအမံများ ရေးဆွဲချမှတ်နိုင်ရန် အခြေခံအရင်းအမြစ်များကို ဖန်တီးပံ့ပိုးပေးနိုင်မည်ဖြစ်သကဲ့သို့ လိုအပ်သည့်လုပ်သားအင်အားကိုလည်း လေ့ကျင့်မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ လုပ်သား လိုအပ်ချက်များကို အခြေခံပြီး နှစ်စဉ်တက္ကသိုလ်ဝင်ခွင့်နှင့် သက်မွေးပညာဆိုင်ရာ ကျောင်းဝင်ခွင့်များနှင့် ပတ်သက်သည့် လူဦးရေလျာထားတွက်ချက်ရာတွင်လည်း အခြေခံအချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုလုပ်ငန်းခွင်များတွင် ကျွမ်းကျင်မှုလိုအပ်သည့် သို့မဟုတ် အရည်အသွေးမြှင့်တင်လိုသည့် လုပ်သားများအတွက်လည်း စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို လိုအပ်သလို စီမံဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် ပညာရေးနှင့် လုပ်သားအင်အားဆိုင်ရာ အချက်အလက်များကို ချိတ်ဆက်အသုံးပြုပြီး သက်မွေးပညာ သင်ကျောင်းများ တိုးချဲ့ ဖွင့်လှစ်ပေးခြင်းဖြင့်



ပြည်ထောင်စု ဝန်ကြီး ဦးမြင့်ကြိုင် ရှင်းလင်းတင်ပြစဉ်။

ကျွမ်းကျင်မှုရှိသည့် လုပ်သားအရင်းအမြစ်ကို ပျိုးထောင်ပေးနိုင်သကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ အလားတူ လူမှုဖူလုံရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ မသန်စွမ်းများ မှတ်ပုံတင်ရေးနှင့် ထောက်ပံ့ပေးရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း လိုအပ်သည့်အချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ လူဦးရေဆိုင်ရာစာရင်းအင်း အချက်အလက်ပြည့်စုံမှုသည် ယင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အုပ်ချုပ်မှုအရည်အသွေးနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ကို သွယ်ဝိုက်ညွှန်းဆိုဖော်ပြနေသည်ဟုဆိုနိုင်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအသုံးပြုရန် လိုအပ်သည့် အချက်အလက်များကို သန်းခေါင်စာရင်းကနေရရှိနိုင်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို သန်းခေါင်စာရင်းများကသာ ပံ့ပိုးပေးနိုင်ခြင်းဖြစ်ကြောင်း။

**အခွင့်အလမ်းတစ်ခုဟု မှတ်ယူနိုင်**

သန်းခေါင်စာရင်း၏ ဖော်ပြချက်များသည် မိမိတို့နိုင်ငံ၏ အခွင့်အလမ်းများနှင့်အတူ ယှဉ်တွဲပြီး လုပ်ဆောင်ရမည့်တာဝန်များကိုလည်း တစ်ပါတည်းညွှန်းဆိုဖော်ပြလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ပထဝီနိုင်ငံရေးအရ အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများထက် လူဦးရေသိပ်သည်းမှု သိသိသာသာနည်းပါးနေကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များအရ မိမိတို့နိုင်ငံ၏လူဦးရေသည် ဆယ်စုနှစ်များအတွင်း ပထမဆုံးအကြိမ်အဖြစ် အနည်းငယ်လျော့ကျလာသည်ကို တွေ့ရှိရကြောင်း၊ ယင်းသည် မွေးဖွားနှုန်းကျဆင်းခြင်း၊ ရွှေ့ပြောင်းသွားလာမှု မြင့်မားလာခြင်းနှင့် မိသားစုပုံစံများ ပြောင်းလဲလာခြင်းတို့ကြောင့် စိန်ခေါ်မှုတစ်ခုဖြစ်သလို အခွင့်အလမ်းတစ်ခုဟုလည်း မှတ်ယူနိုင်ကြောင်း။

ပြည်ပရွှေ့ပြောင်းခြင်းကလည်း မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေး အခြေအနေ၊ နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်တွင်းတွင်ရှိသည့် အလုပ်အကိုင် အခွင့်အလမ်းများနှင့် အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုတို့အပေါ် တည်မှီနေခြင်းကြောင့် မိမိတို့နိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုးမှုကို ဦးတည်ထိန်းညှိနိုင်မည့် စီမံချက်များချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူငယ်များကြားတွင် ပြည်ပရွှေ့ပြောင်းသွားလာမှုများ မြင့်မားနေသော်လည်း တစ်ချိန်က မွေးနှုန်းမြင့်မားခဲ့သည့် အကျိုးဆက်ကြောင့် အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်ဦးရေသည်လည်း ယခုတွင် များပြားနေဆဲဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် Demographic Bonus ဟုခေါ်သည့် လူဦးရေဆုလာဘ်ရရှိနေဆဲကာလ ဖြစ်ကြောင်း၊ ထို့ကြောင့် လူဦးရေဆုလာဘ်ရရှိနိုင်သည့် အချိန်ကာလမကုန်ဆုံးမီ ၎င်းလူငယ် လူရွယ်များကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မှန်ကန်ထိရောက်စွာ အကျိုးရှိရှိ ဆောင်ရွက်နိုင်ရန် စီမံပေးရန် အရေးကြီးကြောင်း။

ကမ္ဘာ့နိုင်ငံ တော်တော်များများတွင် လူငယ်များကို မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များ ဖန်တီးပေးသည့်အခါတွင် ၎င်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားများဖြစ်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယနေ့ မိမိတို့လူငယ်များကို အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် အနာဂတ်တွင် လူဦးရေဆုလာဘ်၏ ကောင်းကျိုးများကို ဖမ်းဆုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ဘဲ လူငယ်များကိုလျစ်လျူရှုထားပါက Demographic Burden နှင့်အတူ တည်ငြိမ်အေးချမ်းမှု လျော့နည်းလာနိုင်သလို အဆိုးဆုံးအခြေအနေအဖြစ် Demographic Disaster ဖြစ်သွားနိုင်ကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံတွင် မြေအရင်းအမြစ်၊ ရေအရင်းအမြစ်၊ သယံဇာတ အရင်းအမြစ်များနှင့် လိုက်လျောညီထွေဖြစ်မည့် ရှိသင့်ရှိထိုက်သည့် လူဦးရေဖြစ်ပေါ်လာစေရန် မိမိနိုင်ငံနှင့် ကိုက်ညီသည့် လူဦးရေမူဝါဒများကို ရေးဆွဲချမှတ်ပြီး မျိုးဆက်တစ်ခုစာ ကြိုတင်မြော်တွေးကာပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုရေတွင်းတူး ယခုရေကြည်သောက်ချင်၍ မရနိုင်ကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုကို ပြည်ပ အကူအညီမပါဘဲ ပြည်တွင်းအားဖြင့် အောင်မြင်အောင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည့်အတွက် နိုင်ငံအတွက် ဂုဏ်ယူရမည့် အမျိုးသားရေးလုပ်ငန်းစဉ် အောင်မြင်မှုတစ်ရပ် ဖြစ်ကြောင်း၊ ယနေ့ သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနားသည် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ စည်းလုံးညီညွတ်သည့် စုပေါင်းအားဖြင့် ဆောင်ရွက်ခဲ့သည့် အောင်မြင်မှုအဖြစ် ကမ္ဘာ့အလယ်တွင် သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခြင်းလည်းဖြစ်ကြောင်း။

မိမိရှေ့တွင်ဆိုခဲ့သည့်အတိုင်း ၂၀၂၄ သန်းခေါင်စာရင်း အစီရင်ခံစာသည် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒချမှတ်နိုင်ရန် လမ်းပြမြေပုံတစ်ခုအဖြစ် အကျိုးရှိရှိ အသုံးပြုရန်အရေးကြီးကြောင်း၊ ယင်းကိန်းဂဏန်း အချက်အလက်များကို ဆန်းစစ်လေ့လာသုံးသပ်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖော်ဆောင်ရာတွင် လူငယ်လူရွယ်များ အရည်အသွေး မြင့်မားရေးအတွက် စီမံဆောင်ရွက်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များ ဖန်တီးပေးကြရန်၊ ပညာရေးကို လုပ်သားဈေးကွက် လိုအပ်ချက်များနှင့် ချိန်ညှိပေးပြီး ခိုင်မာသည့် အသက်မွေးဝမ်းကျောင်း သင်တန်းများ ထူထောင်ပေးကြရန်၊ နည်းပညာနှင့် မောင်းနှင်သည့် အနာဂတ်ဖြစ်စေရန် မိမိတို့၏ လုပ်သားအင်အားကို ပြင်ဆင်နိုင်အောင် ကြိုးစားကြရန်၊

စာမျက်နှာ ၅ သို့ »»»

☆ ကမ္ဘာ့နိုင်ငံတော်တော်များများတွင် လူငယ်များကို မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များ ဖန်တီးပေးသည့်အခါတွင် ၎င်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားများဖြစ်လာသည်ကို တွေ့ရမည်

☆ ယနေ့ မိမိတို့လူငယ်များကို အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် အနာဂတ်တွင် လူဦးရေဆုလာဘ်၏ ကောင်းကျိုးများကို ဖမ်းဆုပ်နိုင်မည်

☆ ထိုသို့မဟုတ်ဘဲ လူငယ်များကိုလျစ်လျူရှုထားပါက Demographic Burden နှင့်အတူ တည်ငြိမ်အေးချမ်းမှု လျော့နည်းလာနိုင်သလို အဆိုးဆုံးအခြေအနေအဖြစ် Demographic Disaster ဖြစ်သွားနိုင်

»»» စာမျက်နှာ ၄ မှ

သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ တည်ထောင်ပေးကြရန်၊ နိုင်ငံတွင်း၌ ရေရှည်တည်တံ့ပြီး အရည်အသွေးရှိသည့် အလုပ်အကိုင်များ ဖန်တီးပေးခြင်းဖြင့် ရွှေ့ပြောင်းခြင်းကို အကျိုးရှိအောင် စီမံခန့်ခွဲပေးကြရန်၊ မိမိတို့နိုင်ငံ၏ လူဦးရေဖွဲ့စည်းမှုနှင့်အညီ မြေ၊ ရေနှင့် သဘာဝအရင်းအမြစ်များကို အကျိုးရှိရှိမျှတစွာအသုံးပြုနိုင်အောင်စီမံပေးကြရန်၊ ယနေ့ကျောင်းစာသင်ခန်းတွင် ရှိနေသည့် ကလေးတိုင်းသည် မြန်မာနိုင်ငံ၏ အနာဂတ်ကို ပခုံးပြောင်းပုံဖော်မည့် အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ်မှတ်ယူပြီး ပညာရေးကို မြှင့်တင်ပေးကြရန် မှာကြားလိုကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရလဒ်များကို မူဝါဒ၊ စီမံကိန်းများရေးဆွဲချမှတ်သူများ၊ အချက်အလက်အသုံးပြုသူများအားလုံး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ယနေ့ထုတ်ပြန်ပါကြောင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ကြေညာအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က သန်းခေါင်စာရင်းရလဒ်များကို အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး **"မြန်မာ့ပုံရိပ်ကို ထင်ဟပ်ဖော်ညွှန်းမည့် ၂၀၂၄ သန်းခေါင်စာရင်း"** အမည်ရသည့် သန်းခေါင်စာရင်း လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ဆက်လက်၍ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ ယိမ်းအဖွဲ့များက "နိုင်ငံ့အကျိုးမျှော်ကိုးရည် ရှေ့သို့လှမ်းချီပန်းတိုင်ဆီ" သီချင်းဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ယိမ်းအဖွဲ့များက "ငြိမ်းချမ်းကြစို့ ရွှေပြည်မြန်မာ" သီချင်းဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယိမ်းအဖွဲ့များက "အောင်မြင်ခြင်း မင်္ဂလာ" သီချင်းဖြင့်လည်းကောင်း သီဆို၊ ကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်း အထိမ်းအမှတ်ပြခန်းအတွင်း ခင်းကျင်းပြသထားမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး ကံတော်ကုန်သွားခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

ရန်ကုန် အောက်တိုဘာ ၂၇

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majesty Queen Sirikit သည် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ကံတော်ကုန်သွားခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရကိုယ်စား နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် အမှတ်(၉၄) ပြည်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ယနေ့မွန်းလွဲပိုင်းက သွားရောက်လက်မှတ် ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် တွေ့ဆုံနှုတ်ဆက်၍ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majesty Queen Sirikit ကံတော်ကုန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရ ကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majesty Queen Sirikit သည် ကံတော်ကုန်ချိန်တွင် အသက် ၉၃ နှစ်ရှိပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မန္တလေးပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင်ပြုပြင်မွမ်းမံလှူဒါန်းမှု လွှဲပြောင်းအပ်နှံ

မန္တလေး အောက်တိုဘာ ၂၇

ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင်(၃)ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ အောင်မြင်စွာပြီးမြောက်၍ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ခွဲစိတ်ကုသဆောင်(၃)တွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယကောင်စစ်ဝန်ချုပ် Mr.Zhang Wei၊ မန္တလေးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး(ကုသရေး) ဒေါက်တာမျိုးသန့်ခိုင်၊ ဆေးရုံအုပ်ကြီးဒေါက်တာဆန်းလွင်ဦးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ခွဲစိတ်ကုသဆောင်(၃)အတွင်း ပြုပြင်မွမ်းမံပြီးစီးမှုနှင့် တက်ရောက်ဆေးကုသခံယူနေမှုများကို လှည့်လည်ကြည့်ရှုပြီး နှစ်နိုင်ငံအထိမ်းအမှတ်ပြုပြင်ပြီး ကမ္ပည်းကျောက်စာကို အမွေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။



ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို ကိုးထပ်ဆောင်၊ မန်းတောင်ရိပ်ခန်းမတွင် ဆက်လက်ကျင်းပရာ ဒုတိယကောင်စစ်ဝန်ချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူး(ကုသရေး)က နှုတ်ခွန်းဆက်စကားပြောကြားကာ ဒုတိယကောင်စစ်ဝန်ချုပ်က လုပ်ငန်းပြီးစီးမှုနှင့် ပတ်သက်၍ သက်ဆိုင်သည့်စာရွက်စာတမ်းများကို ဆေးရုံအုပ်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက မန္တလေးအခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယကောင်စစ်ဝန်ချုပ်၊ Myanmar-China Oil and Gas Pipeline Co.,Ltd.၊ Myanmar Conch Cement Co.,Ltd.၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ကူညီဆောင်ရွက်**

ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင်(၃)ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး၊Myanmar-China Oil and Gas Pipeline Co., Ltd. နှင့် Myanmar Conch Cement Co., Ltd. အဖွဲ့သုံးဖွဲ့တို့က ပူးပေါင်းလှူဒါန်း၍ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်း၏ ပူးပေါင်းကူညီဆောင်ရွက်မှုဖြင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဇူလိုင် ၁၇ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၆ ရက်တွင် လုပ်ငန်းပြီးစီးကာ ယနေ့လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် သိန်း ၁၆၀၀ ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

❁ စာမျက်နှာ ၂၄ မှ

အလားတူ KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့အား ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် အင်အားအလုံးအရင်းဖြင့် မြို့လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ဒေသခံပြည်သူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ လူသစ်စုဆောင်းခြင်းများ အပါအဝင် အကြမ်းဖက်လုပ်ရပ်မျိုးစုံကို လုပ်ဆောင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဗန်းမောက်မြို့အား ပြန်လည်သိမ်းပိုက်ရရှိရေး အပါအဝင် အခြားလိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက ဗန်းမောက်မြို့အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို စနစ်တကျစုဖွဲ့ချီတက်ရှင်းလင်းမှုများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၆ ရက်တွင် ဗန်းမောက်မြို့၏ အနောက်ဘက်နှင့် အနောက်မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့အတွင်းရှိ ပြည်သူပိုင်နေအိမ်အဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးနေကြောင်း မျက်မြင်တွေ့ရှိရသည်။

ထို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့သည့် ဗန်းမောက်မြို့အတွင်းရှိ အဆောက်အအုံများအား မီးအမြန်ဆုံးငြိမ်းသတ်နိုင်ရေး အခြားသော ဗန်းမောက်မြို့နေ ပြည်သူလူထု၏ အဆောက်အအုံများ မီးကူးစက်မှုမရှိစေရေး၊ ထပ်မံ၍ အခြားအကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများက ရင်ဆိုင်တိုက်ခိုက်လျက်ရှိသည့် လက်ကျန်အကြမ်းဖက်သောင်းကျန်းသူများအား အမြန်ဆုံးလက်စတုံးတိုက်ခိုက်ချေမှုန်းလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၂၇**

အောက်တိုဘာ ၂၇ ရက် နံနက် ၇ နာရီ ၅၅ မိနစ် ၅၂ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၅၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဂန့်ဂေါမြို့၏ အရှေ့တောင်ဘက် ၂၈ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၈၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၄၆ ဒီဂရီ၊ အနက် ၃၈ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းတာရရှိသည်။

မိုး/ဇလ

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၆၁ ရက်

သာ လိုတော့သည်။

### အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်း တက်ရောက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ပညာသင်နှစ် တပ်ဖွဲ့ဝင် သင်တန်းသားများ၏ လေ့ကျင့်သင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်၌ မိုးရာသီစခန်းချလေ့ကျင့်သင်တန်းတက်ရောက်လျက်ရှိသည့် တပ်ဖွဲ့ဝင် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများ၏ သက်ဆိုင်ရာ လေ့ကျင့်ခန်းများ သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းသားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

အဆိုပါသင်တန်း၌ သင်တန်းသားများသည် ခေါင်းဆောင်မှုဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်နှင့် အခြားသောသက်ဆိုင်ရာဘာသာရပ်များကို ဆွေးနွေးပို့ချ သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး သင်တန်းသားများသည် ပြင်ပလေ့လာရေးများဖြစ်သည့် တပ်မတော်(လေ)နှင့် ပတ်သက်သည့် လေ့လာရေးများနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မှော်ဘီ)သို့ လေ့လာရေးခရီးစဉ်များ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့အပြင် သင်တန်းသားများသည် ညနေပိုင်းသင်ခန်းစာပို့ချမှု ပြီးဆုံးချိန်များတွင် ဘော်လီဘောကစားခြင်း၊ ဘောလုံးကစားခြင်းနှင့် အခြားသောကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းများပြုလုပ်ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားမှူးရုံးကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များကလည်း ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ အဆိုပါသင်တန်း၌ မိုးရာသီစခန်းချလေ့ကျင့်ရေး သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ ဆက်လက်သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## သီပေါမြို့၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်ဆက်လက်လက်ခံ၊ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး၊ ပြည်သူ့ဆေးရုံအားပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၇

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး(Counter- Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏အုပ်ချုပ်မှုယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိကျောင်းသားကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ သီပေါမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းကို အောက်တိုဘာ ၂၂ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ရာ အောက်တိုဘာ ၂၅ ရက်အထိ အခြေခံပညာကျောင်းလေးကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိသည်။



ယနေ့တွင်ကျောင်းသားကျောင်းသူ ၇၁ ဦး ထပ်မံလာရောက်ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၄၀၂ ဦးအထိ ရှိပြီဖြစ်ပြီး အဆိုပါကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြသည်။

ယင်းအပြင်သီပေါမြို့သို့ပြန်လည်ဝင်ရောက်လာကြသော ဒေသခံပြည်သူများအား တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနကလည်း သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၄၆ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာသုံးဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးသည်။

အလားတူ တပ်မတော် မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင် စားသောက်နိုင်ရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဂါဇာဒေသပြန်လည်ထူထောင်ရေး ပါလက်စတိုင်းဒုတိယသမ္မတနှင့် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆွေးနွေး

ကိုင်ရို အောက်တိုဘာ ၂၇

ဂါဇာဒေသ ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ ပါလက်စတိုင်းဒုတိယသမ္မတ ဟူစိန်အယ်လ်ရှိတ်နှင့် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဗာအဗ္ဗဒဲလက်တီတို့အကြား အောက်တိုဘာ ၂၆ ရက်က ဖုန်းဖြင့်ဆွေးနွေးခဲ့ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အီဂျစ်၌ လာမည့်လတွင်ကျင်းပမည့် ဂါဇာဒေသပြန်လည်ထူထောင်ရေး ညီလာခံဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုများအပါအဝင် ပါလက်စတိုင်းဒေသခံများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေး၊ ရန်ပုံငွေထူထောင်ရေးနှင့် နိုင်ငံတကာအကူအညီများရရှိရေး ဆောင်ရွက်မှုများကို တာဝန်ရှိသူများက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။

ပါလက်စတိုင်းများ သွေးစည်းညီညွတ်ရေးအတွက် ဆောင်ရွက်ရန်နှင့် ဒုတိယသမ္မတအယ်လ်ရှိတ်အား ရွေးကောက်ပွဲကျင်းပမည့်ကာလအထိ ယာယီသမ္မတခန့်ထားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ယခုဆွေးနွေးပွဲသည် ကိုင်ရိုတွင် အောက်တိုဘာ ၂၃ ရက်က ကျင်းပသည့် ဂါဇာဒေသပြန်လည်ထူထောင်ရေး ဟားမတ်စ်နှင့် ပါလက်စတိုင်းလှုပ်ရှားမှုအဖွဲ့ ဖာတာတို့အကြား ဆွေးနွေးပွဲပြီးနောက်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ပါလက်စတိုင်းအဖွဲ့အစည်းများအကြား အောက်တိုဘာ ၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည့် ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးကို ပံ့ပိုးကူညီရန် အောက်တိုဘာ ၂၃ ရက်က ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးရရှိခဲ့ပြီးနောက် အစ္စရေး၏ စစ်ရေးလှုပ်ရှားမှုများရပ်တန့်ခဲ့သည်။ ဂါဇာဒေသတွင်ဖြစ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကြောင့် ဒေသခံ ၆၈၀၀၀ ကျော် သေဆုံးခဲ့ကာ ၁၇၀၀၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



ပါလက်စတိုင်းဒုတိယသမ္မတ ဟူစိန်အယ်လ်ရှိတ်



အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဗာအဗ္ဗဒဲလက်တီ

## တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းများမှ အကျိုးအမြတ် စက်တင်ဘာလတွင် ၂၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာ



ပေကျင်း အောက်တိုဘာ ၂၇

တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းများမှ အကျိုးအမြတ်သည် ယမန်နှစ်ကာလတူနှိုင်းယှဉ်ပါက စက်တင်ဘာလတွင် ၂၁ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာကြောင်း အမျိုးသားစာရင်းအင်းဗျူရိုက အောက်တိုဘာ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် ကုန်သွယ်ရေး တင်းမာမှုများ ဆက်လက်ရှိနေသော်လည်း ဈေးနှုန်းအခြေအနေများကိုထိန်းချုပ်ရန် တရုတ်နိုင်ငံ၏ လှုပ်ရှားမှုက ထုတ်လုပ်သူများအပေါ် ဖိအားလျှော့ချပေးရာမှ ယခုကဲ့သို့ အကျိုးအမြတ်များ မြင့်တက်လာခြင်းဖြစ်သည်။

ဩဂုတ်လတွင် စက်မှုလုပ်ငန်း အကျိုးအမြတ်သည် တစ်နှစ်ထက်တစ်နှစ် ၂၀ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီးနောက် အားကောင်းသော ပြန်လည်ဦးမော့မှု ဆက်လက်ဖြစ်ပေါ်ခဲ့သည့် ယခုလိုသိသာသော ခုန်တက်မှုသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း အကြီးမားဆုံး တိုးတက်မှုဖြစ်ခဲ့သည်။

တရားဝင် အချက်အလက်များအရ ယခုနှစ်၏ ပထမ ကိုးလတာ ကာလအတွက် အဓိက စက်မှုလုပ်ငန်း ကုမ္ပဏီများ၏ အကျိုးအမြတ်သည် ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ၀ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ရာမှ ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ အရှိန်အဟုန် မြင့်တက်လာခဲ့သည်။

ထုတ်လုပ်သူ ဈေးနှုန်းများ ငွေကြေးဖောင်းပွမှု လျော့ကျခြင်းသည် သုံးနှစ်မြောက်သို့ ရောက်ရှိနေချိန်တွင် စက်မှုကဏ္ဍ အသီးသီးရှိ ပြင်းထန်သော ဈေးနှုန်းယှဉ်ပြိုင်မှုများကို လျှော့ချရန် ရည်ရွယ်သည့် ပေကျင်း၏ မူဝါဒများသည် ကုမ္ပဏီ အကျိုးအမြတ်များ ပြန်လည်တိုးတက်လာစေရန် အဓိက အထောက်အကူပြုခဲ့ကြောင်း သိရသည်။ Mon

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

## ယခုအပတ်အစပိုင်း ကမ္ဘာ့လက်ငင်းရွှေဈေးနှုန်း အမေရိကန်ဒေါ်လာ ၄၀၇၀ ဒသမ ၃၁ သို့ ရောက်ရှိနေ

ဟန်ွိုင်း အောက်တိုဘာ ၂၇

လွန်ခဲ့သည့် တစ်လကျော်ကာလအတွင်း ရွှေဆိုင်များ၏ အပြင်ဘက်တွင် တန်းစီစောင့်ဆိုင်းနေသည့် ပုံရိပ်များ လူမှုကွန်ရက် မီဒီယာများပေါ်တွင် ပြည့်နှက်ခဲ့ရာမှ ရွှေနှင့် အခြားအဖိုးတန်သတ္တုကုန်သည်များ ပိုမိုစိုးရိမ်ပူပန်လာခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

အဖိုးတန်သတ္တု သန့်စင်ထုတ်လုပ်သည့် သုတေသနဌာန အကြီးအကဲဖြစ်သူ မစ္စတာ နစ်ကီရှီးလ်စ်က အောက်တိုဘာ ၆ ရက်တွင် ၎င်း၏ ဖောက်သည်များထံသို့ စာရေးသားရာ၌ ရွှေသည် နည်းပညာဆိုင်ရာ တိုင်းတာချက်တိုင်းအရ လွန်ကဲကာ လူအများအပြားပါဝင်သည့် ကုန်သွယ်မှုတစ်ခုဖြစ်နေသည်ဟု ရေးသားသည်။

နှစ်ပတ်အကြာ အောက်တိုဘာ ၂၀ ရက်တွင် ရွှေဈေးနှုန်းများသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၄၀၀ နီးပါးအထိ စံချိန်တင် မြင့်တက်လာခဲ့ရာ ကုန်သည်တစ်ဦးဖြစ်သူ မာ့ခ်လိုဖဲတ်က ရွှေကို ပို၍ပင်အဝယ်လွန်နေသည်ဟု သတိပေးပြောကြားသည်။

အောက်တိုဘာ ၂၁ ရက်တွင် ရွှေဈေးနှုန်းများသည် ၂၀၁၃ ခုနှစ်နောက်ပိုင်း အကြီးဆုံးကျဆင်းမှုအဖြစ် ၆ ဒသမ ၃ ရာခိုင်နှုန်းအထိ ထိုးကျခဲ့ပြီး အောက်တိုဘာ ၂၄ ရက်အထိ ဆက်လက်ကျဆင်းကာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၁၁၃ ဒသမ ၀၅ ဖြင့် ပိတ်ခဲ့သည်။

အမေရိကန်ဒေါ်လာတန်ဖိုးအရ ၎င်း၏ တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၈ ဒသမ ၇၇ ကျဆင်းမှုသည် သမိုင်းတစ်လျှောက် အကြီးမားဆုံး ကျဆင်းမှုများထဲမှ တစ်ခုဖြစ်သည်။ အောက်တိုဘာ ၂၇ ရက်တွင်မူ ဝယ်လိုအားကျဆင်းသွားသောကြောင့် ရွှေဈေးနှုန်း ဆက်လက်ကျဆင်းခဲ့သည်။

ယခုအပတ်အစပိုင်း ကမ္ဘာ့လက်ငင်းရွှေဈေးနှုန်းသည် ၁ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းကာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၀၇၀ ဒသမ ၃၁ သို့ ရောက်ရှိနေခဲ့ကြောင်း သိရသည်။

Mon

## ဂျပန်နိုင်ငံ၏ နစ်ကေး ၂၂၅ အညွှန်းကိန်းပမာဏ ပထမဆုံးအကြိမ်အဖြစ် ၅၀၀၀၀ အမှတ်ကို ကျော်လွန်

တိုကျို အောက်တိုဘာ ၂၇

ဂျပန်နိုင်ငံ၏ နစ်ကေး ၂၂၅ အညွှန်းကိန်းသည် အမေရိကန်-တရုတ် ကုန်သွယ်ရေးဆွေးနွေးပွဲများ တိုးတက်မှုနှင့် ဝေါလ်စထရီမှ အားကောင်းသည့် အရှိန်အဟုန်ကြောင့် ရင်းနှီးမြှုပ်နှံသူများ စိတ်အားတက်ကြွခဲ့ကြရာ အောက်တိုဘာ ၂၇ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ၅၀၀၀၀ အမှတ်ကို ကျော်လွန်ခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

ဂျပန်ဝန်ကြီးချုပ် ဆာနာအဲတာကာအီချီသည် ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်နေသည့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် ယခုသီတင်းပတ်အတွင်း တွေ့ဆုံရန် မျှော်လင့်ရသဖြင့် ထိုသို့မြင့်တက်လာခြင်းဖြစ်သည်။

နိုင်ငံ၏ ပြည်တွင်းဝယ်လိုအား အားကောင်းစွာ တိုးချဲ့ခြင်းသည် ဂျပန်နိုင်ငံကို ငွေကြေးဖောင်းပွမှု လျော့ကျနေသည့် တည်ဆောက်ပုံဆိုင်ရာ ရပ်တန့်မှုမှ လုံးဝလွတ်မြောက်စေမည်ဖြစ်ပြီး အမေရိကန်၏ ကုန်သွယ်ရေး လိုငွေပြမှုကို လျှော့ချရာတွင် တိုးတက်မှုများ ဖြစ်ပေါ်စေကာ နှစ်နိုင်ငံလုံးအတွက် အနိုင်ရရှိသည့် အခြေအနေ ဖြစ်စေမည်ဟု မဟာဗျူဟာပညာရှင်များက ဆိုသည်။

အာရှတစ်လွှားတွင် တောင်ကိုရီးယား၏ ကိုစပီသည် သောကြာနေ့က စံချိန်တင် မြင့်တက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ၄၀၀၀ ကို ကျော်လွန်ရန် ၂ ဒသမ ၁ ရာခိုင်နှုန်း ခုန်တက်ခဲ့ပြီး စီးပွားရေးအသေးစားကိုဇဒက်ခ်သည် ၁ ဒသမ ၄၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ဟောင်ကောင်၏ ဟန်ဆင်းအညွှန်းကိန်းသည် ၁ ဒသမ ၁၅ ရာခိုင်နှုန်း တက်ခဲ့ပြီး တရုတ်ပြည်မကြီး၏ စီအက်စ်အိုင် ၃၀၀ အညွှန်းကိန်းမှာမူ ၀ ဒသမ ၈၃ ရာခိုင်နှုန်း တက်ခဲ့သည်။

ကေပေါ့ဖျော်ဖြေရေး အောင်စီဖြစ်သည့် ဟိုက်သည် စူပါဂရုဘီတီအက်စ်အဖွဲ့က မြို့ကြီး ၆၅ မြို့ပါဝင်သည့် ကမ္ဘာလှည့် ဖျော်ဖြေပွဲကို စီစဉ်နေပြီး ထက်ဝက်ကို မြောက်အမေရိကတွင် ပြုလုပ်ရန် စီစဉ်နေကြောင်း ဘလွန်းဘာ့ဂ်က သတင်းထုတ်ပြန်ခဲ့ပြီးနောက် ၁၀ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ကြောင်း သိရသည်။ Mon

STOP AIDS

## ဂျပန်နိုင်ငံ အေကီတာစီရင်စုတွင် ဝက်ဝံပစ်ခတ်နှိမ်နင်းရေး ဆောင်ရွက်မည်

တိုကျို အောက်တိုဘာ ၂၇

ဂျပန်နိုင်ငံမြောက်ပိုင်း အေကီတာစီရင်စုတွင် ဝက်ဝံတိုက်ခိုက်ခံရမှုများလာသဖြင့် ဝက်ဝံများအား ပစ်ခတ်နှိမ်နင်းရန်အတွက် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အား ဒေသန္တရတာဝန်ရှိသူများက အကူအညီတောင်းခဲ့ကြောင်း သိရသည်။

အေကီတာစီရင်စုအုပ်ချုပ်ရေးမှူး ဆူဇူကီးကန်တာသည် ကာကွယ်ရေးဝန်ကြီး ကိုအိဇုမိရှင်ဂျီရိုအား အောက်တိုဘာ ၂၈ ရက်တွင် တွေ့ဆုံကာ ၎င်းကိစ္စရပ်ကိုဆွေးနွေးမည်ဖြစ်သည်။ ဒေသတွင်း ဝက်ဝံတိုက်ခိုက်မှုကြောင့် ဒေသခံနှစ်ဦးသေဆုံးကာ ၅၂ ဦး ဒဏ်ရာရရှိခဲ့သည်။ လက်ရှိအချိန်တွင် ဝက်ဝံများအား ပစ်ခတ်နှိမ်နင်းရန်ခွင့်ပြုသည့် ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသောကြောင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များသည် ဝက်ဝံပစ်ခတ်နှိမ်နင်းရေးလုပ်ငန်းများတွင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ဆူဇူကီးကန်တာက ပြောကြားသည်။

သို့ရာတွင် ဒေသတွင်းဝက်ဝံတိုက်ခိုက်မှုများများလာသဖြင့် ပစ်ခတ်နှိမ်နင်းရန် လိုအပ်ကြောင်း တာဝန်ရှိသူများကပြောသည်။

ယခင်ကာလအတွင်းက တောရိုင်းတိရစ္ဆာန်များအား ဒေသန္တရတာဝန်ရှိသူများ၏ တောင်းဆိုမှုကြောင့် ပစ်ခတ်နှိမ်နင်းရခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူး ကီဟာယာမိနိုရူက ပြောသည်။




ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မန္တလေးစိန်ပန်းရပ်ကွက်တွင် လျှပ်စစ်ဝါယာကြိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား



**မန္တလေး အောက်တိုဘာ ၂၇**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်(၃၃၆)၊ ယာဉ်ပုံရရပ်၊ လမ်း၉၀နှင့် ၉၁ လမ်းကြား၊ ၃၆လမ်းနှင့်၃၇ လမ်းကြားရှိ နေအိမ်တစ်အိမ်တွင် ယနေ့ ညနေ ၃ နာရီ ၂၃ မိနစ်က လျှပ်စစ်ဝါယာကြိုးအပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားခဲ့ပြီး နေအိမ်လေးလုံး မီးလောင်ပျက်စီးခဲ့ရကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ယနေ့ညနေ ၃နာရီ ၂၃မိနစ်က မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်(၃၃၆)၊ ယာဉ်ပုံရရပ်၊ လမ်း ၉၀ နှင့် ၉၁ လမ်းကြား၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြားရှိနေ အိမ်တစ်အိမ်၏ အပေါ်ထပ်မျက်နှာကြက်တွင် သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုးအပူလွန်ကဲရာမှ အောက်တွင်ရှိမွေ့ယာပေါ်သို့ မီးပွားကျပြီး မီးကူးစက်ကာ မီးစတင်လောင်ကျွမ်းခဲ့ရခြင်းဖြစ်ကြောင်းနှင့် မီးလောင်မှုကြောင့် ၁၅-၂၅ ပေ ပျဉ်ခင်း၊ သွပ်မိုးထရံကာ နှစ်ထပ်နေအိမ်တစ်လုံး၊၁၅- ၃၀ သွပ်မိုး၊ ထရံကာ၊ နှစ်ထပ်နေအိမ် တစ်လုံး၊ ၁၀- ၂၅ ပေ၊ သွပ်မိုးကျောက်ပြားကာ နှစ်ထပ်နေအိမ်မျက်နှာကြက်နှင့်၁၀-၂၅ သွပ်မိုး၊ နံကပ်နှစ်ထပ်နေ အိမ်မျက်နှာကြက်တို့ မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မဟာအောင်မြေမြို့နယ်အတွင်းက Lv1 အဆင့် ယာဉ်အုပ်စုများ လာရောက်မီးငြိမ်းသတ်ပေးခဲ့ရပြီး မီးပေါ့ဆစွာသုံးစွဲခဲ့သူ မ…(၃၆နှစ်)အား အမှတ်(၇)နယ်မြေရဲစခန်းတွင် ဥပဒေအရအရေးယူဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**



## မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း စစ်ဆေး

**ကန့်ဘလူ အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း မီးလောင်ဆုံးရှုံးမှုများနှင့် မီးလောင်မှုအကြိမ်ရေ လျော့နည်းကျဆင်းစေရန် ရည်ရွယ်ကာ မီးဘေးလုံခြုံရေး၊ ကြိုတင်ကာကွယ်ရေး၊ အသိပညာပေးခြင်းများကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့မမီးသတ်စခန်းမှူး ဒုတိယဦးစီးမှူး ဦးဇော်လင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်များတွင် မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးဖိုမီးနှင့် လျှပ်စစ်မီးများသုံးစွဲရာတွင် လိုက်နာရမည့်အချက်များ၊ မီးလောင်မှုဖြစ်ပွားလာပါက လုပ်ဆောင်ရမည့်နည်းလမ်းများ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ၊ အိမ်တွင်း၊ အိမ်ပြင် အမှိုက်များကို စနစ်တကျရှင်းလင်းရေး၊ မီးသတ်ဆေးဘူးများကို အိမ်တိုင်းတွင်ထားရှိရေး စသည့် စစ်ဆေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်စီးနင်းသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**ဘီးလင်း အောက်တိုဘာ ၂၇**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်စီးနင်းသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ ဖြစ်စဉ်မှာ အောက်တိုဘာ ၂၄ရက် ညနေ ၄နာရီ ၁၅မိနစ်တွင် ဘီးလင်းမြို့နယ်၊ ဘီးလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ကျောက်ရေတွင်းကျေးရွာ ရန်ကုန်-မော်လမြိုင်သွား ကားလမ်းပေါ်၌ ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် ဘီးလင်းမြို့နယ်၊ ကန်သာယာရပ်ကွက်နေ ဆက်နိုင်ထွန်း(၂၆)နှစ်ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဆက်နိုင်ထွန်းအား ဘီးလင်းမြို့မရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## နှစ်လုံး၊ သုံးလုံးထီ လောင်းကစားသူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၇**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားသူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဘီးလင်းမြို့နယ်၊ တောင်ကြီးကျေးရွာနေ ဇော်မင်းအောင်(၄၄)နှစ်ဆိုသူ၏ နေအိမ်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တောင်စွန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရှာဖွေခဲ့ရာ ၎င်းအား နေအိမ်အတွင်းမှ နှစ်လုံး၊ သုံးလုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဇော်မင်းအောင်ဆိုသူအား တောင်စွန်းနယ်မြေရဲစခန်းတွင် လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ယာပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ရွှေမင်းဝံရပ်တွင် မီးလောင်မှုဖြစ်ပွား

**စစ်ကိုင်း အောက်တိုဘာ ၂၇**

စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်၊ ၁၇လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြားတွင် အောက်တိုဘာ ၂၆ ရက် ညနေ ၆ နာရီ ၁၀မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် စစ်ကိုင်းခရိုင် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ ဆီမီးငြိမ်းသတ်ယာဉ် တစ်စီး၊ စစ်ကိုင်းမြို့နယ်မီး သတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ စိန်ကုန်းရပ်ကွက်၊ ထုံးဘိုရပ်ကွက်၊ အိုးဘို၊ စက်မှုဇုန်၊ မြတ်နိုးသူ၊ သုခကာရီအရန်မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် ငါးစီး၊ စုစုပေါင်းမီးသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် ခုနစ်စီးတို့ဖြင့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ထွက်ခွာငြိမ်းသတ်ခဲ့ရာ ညနေ ၆နာရီ ၂၅မိနစ်တွင် မီးထိန်းနိုင်ပြီး ညနေ ၆နာရီ မိနစ်၃၀တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ စစ်ကိုင်းမြို့နယ် ရွှေမင်းဝံနယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၄၅)**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၇**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၂ ရက်၊ ၂၃ရက်နှင့် ၂၄ရက်တို့တွင် စစ်ကိုင်းမြို့ ကံကြီးကုန်းကျေးရွာအနီး၌ ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၃၈မျိုး၊ လူသုံးကုန်ပစ္စည်း ၃၂မျိုး လုပ်ငန်းသုံးပစ္စည်း ၁၆မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီးကိုလည်းကောင်း၊ ရေဦးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၃ရက်နှင့် ၂၄ရက်တို့တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Bongo 111 Coach တစ်စီးကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မင်းလှမြို့နယ်၊ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၁ ဒသမ ၃၂၈ တန်ကို သစ်တောဥပဒေအရလည်းကောင်း အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**


# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၅၅ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် အောက်တိုဘာ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

## ကြည့်ရှုစစ်ဆေး

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲထော်သလေး(KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၁၀၄ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၂၄ ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား ၂၇ ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၅၅ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၁၀၁၁၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၈၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသမီးများကို တရုတ်အမျိုးသားများနှင့် ပေါင်းသင်းနေထိုင်စေပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ရန် စီစဉ်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီချမှတ်

နေပြည်တော် အောက်တိုဘာ ၂၇

အမျိုးသမီးများကို တရုတ်အမျိုးသားများနှင့် ပေါင်းသင်းနေထိုင်စေပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာနေ ဒေါ်ပြည့်(ခ) ဒေါ်ခင်ပြည့်နှင့် ၎င်း၏ သမီးဖြစ်သူ တရုတ်နိုင်ငံနေ မသီတာသောင်းတို့က ၎င်းတို့နှင့် ခင်မင်ရင်းနှီးကြသူများဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နေ မ----၊ ၂၈/၂၀၂၅ နှစ်၊ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်နေ မ----၊ ၂၄/၂၀၂၅ နှစ်နှင့် ရှမ်းပြည်နယ် နောင်ချိုမြို့နေ မ----၊ ၃၀/၂၀၂၅ နှစ်တို့ကို တရုတ်နိုင်ငံသားနှင့် လက်ထပ်ပါက ငွေကျပ် သိန်း ၁၀၀ ရရှိမည်၊ တင်နေသည့်အကြွေးများ ဆပ်ပေးမည်ဟု စည်းရုံးပြောဆို၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရန်အတွက် နိုင်ငံကူးလက်မှတ်အား မြဝတီမြို့၌ သွားရောက်ပြုလုပ်စေခဲ့သည်။

နိုင်ငံကူးလက်မှတ်ရရှိပြီးနောက် ၎င်းအမျိုးသမီး သုံးဦးအနက် နှစ်ဦးကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ MGM ဟိုတယ်တွင် တရုတ်နိုင်ငံသား ဝမ်ရှောင် (WANG XIANG)၊ လျူရူချန့် (RUCHENG) တို့နှင့် ပေါင်းသင်းနေထိုင်စေပြီး ကျန်တစ်ဦးကို တရုတ်နိုင်ငံသားနှင့် ပေါင်းသင်းနေထိုင်ရန် စီစဉ်ဆောင်ရွက်နေစဉ်အတွင်း ဖမ်းဆီးရမိသဖြင့် ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်း(ပ)၄၁/၂၀၂၅၊ (ပ)၄၂/ ၂၀၂၅ နှင့် (ပ) ၄၃/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ တို့ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၂၃ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ဝမ်ရှောင်(WANG XIANG)၊ လျူရူချန့် (RUCHENG) တို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန်နှင့် တရားခံ ဒေါ်ပြည့်(ခ)ဒေါ်ခင်ပြည့်ကို အမှုတစ်မှုချင်းစီအတွက် အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ သီတာသောင်းကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နေ မသဲသဲအောင်သည် အိုးဝေမောင်းသည့် အလုပ်အားလုပ်ကိုင်စဉ် အိုးဝေငှားရမ်းစီးနင်းသူ မူဆယ်မြို့နေ မသဲယုယနှင့် ခင်မင်ရင်းနှီးခဲ့ရာ မသဲယုယက မိန်းကလေးများကို တရုတ်နိုင်ငံသို့ စိုက်ပျိုးရေး၊ အထည်ချုပ်နှင့် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ပေးသည့် အလုပ်လုပ်ကိုင်ကြောင်း၊ လူရှာပေးပါက တစ်ဦးလျှင် ငွေကျပ် ၁၅ သိန်းပေးမည်ဟု ပြောဆိုသဖြင့် အိုးဝေလာရောက်ငှားရမ်းစီးနင်းသည့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နေသူ မိန်းကလေးနှစ်ဦးနှင့် တစ်ရပ်ကွက်တည်းနေ မိန်းကလေးနှစ်ဦးတို့ကို တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ရုပ်ရည်ပေါ်မူတည်၍ ငွေများများရမည်ဟု စည်းရုံးပြောဆိုကာ ငွေကြေးအကျိုးအမြတ်များရယူ၍ မူဆယ်မြို့နေ မသဲယုယထံပို့ဆောင်ပေးခဲ့သည်။

စစ်ဆေးချက်အရ မသဲယုယက တရုတ်နိုင်ငံသို့ တရုတ်ဇနီးမယားအဖြစ်ပို့ဆောင်ရောင်းစားခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်း (ပ) ၈၈/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၂၄ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မသဲသဲအောင်ကို အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မသဲယုယကို ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ချမ်းမြသာစည်မြို့နယ်၌ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့ကို သံရိုက်တူဖြင့် ရိုက်နှက်ကာ ရွှေတုံးနှင့် ငွေများ ယူဆောင်ခဲ့သည့် အမျိုးသမီးအား ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် အောက်တိုဘာ ၂၇

ချမ်းမြသာစည်မြို့နယ်၌ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့ကို သံရိုက်တူဖြင့် ရိုက်နှက်ကာ ရွှေတုံးနှင့်ငွေများ ယူဆောင်ခဲ့သည့် အမျိုးသမီးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

## ဖမ်းဆီးရမိ

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက် လမ်း ၇၀ (အေ)၊ ၁၀၇ လမ်းနှင့် ၁၀၈ လမ်းကြားရှိ အိမ်အမှတ် (၁၇၂)နေအိမ်၌ အမျိုးသမီးတစ်ဦး အသတ်ခံရကြောင်း သတင်းအရ ချမ်းမြသာစည်မြို့နယ် အမှတ် (၁၁)နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်ပိုင်ရှင် အငြိမ်းစားစာကြည့်တိုက်မှူး ဒေါ်ခင်စိုးမြင့် ၈၄ နှစ်ကို နေအိမ်မြေညီထပ်ဧည့်ခန်းအတွင်းရှိ ထိုင်ခုံပေါ်တွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေပြီး အတူနေ ၎င်း၏မြေးဖြစ်သူ ဒေါ်အေးအေးခိုင် ၃၆ နှစ်အား မြေညီထပ်ဧည့်ခန်းခုတင်ပေါ်တွင် ဦးခေါင်း၊ ဝဲနားထင်တို့၌ပေါက်ပြဲဒဏ်ရာနှစ်ချက်ရရှိထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်း(ပ) ၁၈၉/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၂၆ ဖြင့် အမှုရေးဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။



ချမ်းမြသာစည်မြို့နယ်၌ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့အား သံရိုက်တူဖြင့် ရိုက်နှက်ကာ ရွှေတုံးနှင့် ငွေများ ယူဆောင်ခဲ့သည့် အမျိုးသမီးအား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခြင်းများဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ သေဆုံးသူ၏ တူမတော်စပ်သူ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၃) အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ တွဲဖက်တာဝန်ထမ်းဆောင်နေသည့် အလယ်တန်းပြဆရာမ မစိုးစိုးထွန်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၎င်းအား အောက်တိုဘာ ၂၆ ရက် ညနေ ၅ နာရီကျော်တွင် အခင်းဖြစ်နေအိမ်သို့ ပြန်လည်ရောက်ရှိလာစဉ် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ စိုးစိုးထွန်း၏ ထွက်ဆိုချက်အရ ၎င်းသည် ၂၀၂၃ ခုနှစ် ဇူလိုင်လခန့်မှစ၍ နွားထိုးကြီးမြို့နယ်မှ ယာယီနေရပ်စွန့်ခွာ၍ ပြင်ဦးလွင်မြို့၌ အိမ်ငှားရမ်းနေထိုင်ခဲ့ရသဖြင့် ငွေကြေးအခက်အခဲများစွာရှိခဲ့ကြောင်း၊ ၂၀၂၅ ဇူလိုင်လတွင် ၎င်း၏အဒေါ်တော်စပ်ပြီး မိသားစုကဲ့သို့ ရင်းနှီး၍ ဝင်ထွက်သွားလာနေသည့် ဒေါ်ခင်စိုးမြင့်က မန္တလေးမြို့ မြို့သစ်(၅) ရပ်ကွက်ရှိ နေအိမ်အားရောင်းချသည်ကို သိရှိရသဖြင့် ငွေချေးယူခဲ့ရာ ဒေါ်ခင်စိုးမြင့်က အိမ်ရောင်းရငွေ အကျေအလည်ရရှိပါက စီစဉ်ပေးမည်ဟုပြောကြားခဲ့ပြီး ငွေအကျေအလည်ရရှိပြီး အခင်းဖြစ်ပွားခဲ့သည့် နေအိမ်အား ပြန်လည်ဝယ်ယူပြောင်းရွှေ့နေထိုင်ခဲ့သော်လည်း ၎င်း၏အခက်အခဲအား ဆောင်ရွက်ပေးမှု မရှိကြောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် ဒေါ်ခင်စိုးမြင့်က ၎င်းအား ဖုန်းဆက်ခေါ်၍ အခင်းဖြစ်နေအိမ်သို့ ထပ်မံရောက်ရှိနေထိုင်ခဲ့ပြီး အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဒေါ်ခင်စိုးမြင့်၊ တူမတော်စပ်သူ မအေးအေးခိုင်တို့နှင့်အတူ ဈေးဝယ်ထွက်ပြီးနောက် နံနက် ၁၁ နာရီခန့် နေအိမ်သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ နေ့လယ်စာစားပြီးချိန်တွင် မအေးအေးခိုင်မှာ မြေညီထပ်ဧည့်ခန်းအတွင်းရှိ ခုတင်ပေါ်အိပ်ပျော်နေစဉ် နေအိမ်ဝင်ပေါက်အနီး သစ်သားသေတ္တာအတွင်းမှ သံရိုက်တူအားယူဆောင်ကာ မအေးအေးခိုင်အား သုံးချက်ခန့်ထုရိုက်ပြီး ထိုင်ခုံပေါ်ထိုင်နေသည့် ဒေါ်ခင်စိုးမြင့်၏ ဦးခေါင်းငယ်ထိပ်အား တစ်ချက်ထုရိုက်ခဲ့ကြောင်း၊ ထို့နောက် ဒေါ်ခင်စိုးမြင့် အိပ်ခန်းအတွင်းရှိသံသေတ္တာအား တူဖြင့်ရိုက်ဖျက်ကာ သေတ္တာအတွင်းသိမ်းဆည်းထားသည့် "အောင်သမာဓိ" တံဆိပ်ပါ ရွှေ ၁၀ ကျပ်သားတုံး တစ်တုံး၊ အိပ်ရာပေါ်ရှိ ငွေကျပ်သိန်း ၁၀၀ တို့ကို ယူဆောင်ကာ ပြင်ဦးလွင်မြို့သို့ ပြန်လာခဲ့ကြောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ဒေါ်ခင်စိုးမြင့်နေအိမ်မှ ယူဆောင်လာသည့် ရွှေတုံးအားရောင်းချကာ ၎င်းချေးငှားထားသည့် ငွေကြေးများပြန်လည်ပေးဆပ်သုံးစွဲခဲ့ကြောင်း စစ်ဆေးဖော်ထုတ်သိရှိရသည်။

ထိုသို့ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့အား သံရိုက်တူဖြင့် ထုရိုက်ခဲ့သည့် စိုးစိုးထွန်းအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် သိမ်းဆည်းရန်ကျန် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာမှ သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ



## ပြိုင်ပွဲစုံ နောက်ဆုံး ၁၀ ပွဲဆက် ရှုံးပွဲမရှိသည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ် အာဆင်နယ်အသင်း ပိုင်ဆိုင်

**လန်ဒန် အောက်တိုဘာ ၂၇**

အာဆင်နယ်အသင်းသည် ပြိုင်ပွဲစုံ နောက်ဆုံး ၁၀ ပွဲ ဆက် ရှုံးပွဲမရှိသည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းသည် ပဲလေ့စ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ထို့ပြင် အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်မှာ နိုင်ပွဲ ၇၀၀ ပြည့်သည့်မှတ်တမ်းအပြင်၊ နောက်ဆုံး ငါးပွဲဆက် ပေးဂိုးမရှိသည့် မှတ်တမ်းများလည်း ပိုင်ဆိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ကိုးပွဲကစားအပြီးတွင် ရမှတ် ၂၂ မှတ်ဖြင့် အဆင့်တစ်နေရာတွင် ရပ်တည်ပြီး ချန်ပီယံဆုအား ဆွတ်ခူးရန်လည်း ရေပန်းစားလျက်ရှိသည်။ **(NGB)**

## နည်းပြ ဒါရင်းဖာဂူဆန်အား နည်းပြရာထူးမှ ပီတာဘာရော့ချ်ယူနိုက်တက်အသင်း ထုတ်ပယ်

**လန်ဒန် အောက်တိုဘာ ၂၇**

ပီတာဘာရော့ချ်ယူနိုက်တက်အသင်းသည် မန်ယူအသင်း ဂန္ထဝင် နည်းပြ ဆာအဲလက်စ်ဖာဂူဆန်၏သားဖြစ်သူ နည်းပြ ဒါရင်းဖာဂူဆန်အား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ပီတာဘာရော့ချ်ယူနိုက်တက်အသင်းသည် လိဂ်ဝမ်းပြိုင်ပွဲ ပွဲစဉ် ၁၃ ပွဲ ကစားအပြီးတွင် ရမှတ် ၁၀ မှတ်ဖြင့် အမှတ်ပေးဇယား အောက်ဆုံးနေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် နည်းပြ ဒါရင်းဖာဂူဆန်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။



နည်းပြ ဒါရင်းဖာဂူဆန်သည် ပီတာဘာရော့ချ်ယူနိုက်တက် အသင်းအား ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၆၁ ပွဲတွင် ၇၃ ပွဲ နိုင်၊ ၃၂ ပွဲ သရေ၊ ၅၆ ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ပီတာဘာရော့ချ်ယူနိုက်တက် အသင်းထုတ်ပြန်ချက်တွင် "နည်းပြ ဒါရင်းဖာဂူဆန်အား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေသွားမှာပါ"ဟု ထုတ်ပြန်သည်။ **(ဝဲပုံ)** **(NGB)**

## စီရော်နယ်လ်ဒို ကစားသမားဘဝ သွင်းဂိုးပေါင်း ၉၅၀ ဂိုး ပြည့်မြောက်

**လန်ဒန် အောက်တိုဘာ ၂၇**



အယ်လ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကစားသမားဘဝ သွင်းဂိုးပေါင်း ဂိုး ၉၅၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါတိုက်စစ်မှူးသည် အယ်လ်နာဆာအသင်းက အယ်လ်ဟာဇင်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကစားသမားဘဝတစ်လျှောက် ဂိုး ၉၅၀ ထိ ရှိလာခဲ့ပြီး ဂိုး ၁၀၀၀ပြည့်မြောက်ရန် သွင်းဂိုး ၅၀ သာ လိုအပ်နေတော့သည်။

အသက်(၄၀)နှစ်ရှိ စီရော်နယ်လ်ဒိုသည် အသက်အရွယ် ပိုင်းအားဖြင့် ရရှိပြီဖြစ်သော်လည်း လက်ရှိအချိန်ထိ ခြေစွမ်းမကျဆင်းသေးဘဲ အယ်လ်နာဆာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ရှစ်ပွဲကစားပြီး ခုနစ်ဂိုးအထိ သွင်းယူထားသည်။ **(အပေါ်ပုံ)** **(NGB)**

## ဒီဘရိုင်း တံကောက်ကြောဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**တူရင် အောက်တိုဘာ ၂၇**

နာပိုလီအသင်း ကွင်းလယ်ကစားသမား ဒီဘရိုင်း တံကောက်ကြောဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ် ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် စီးရီးအေပွဲစဉ်အဖြစ် နာပိုလီအသင်းက အင်တာမီလန်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။



ကွင်းလယ်ကစားသမား ဒီဘရိုင်း ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နာပိုလီအသင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဒီဘရိုင်းသည် နာပိုလီအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၁ ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(ဝဲပုံ)** **(NGB)**

## 2025 Guangzhou Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Ann Li ဆွတ်ခူး

**ပေကျင်း အောက်တိုဘာ ၂၇**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Guangzhou Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်တင်းနစ်မယ် Ann Li က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။



အဆိုပါ အမေရိကန်တင်းနစ်မယ် Ann Li သည် 2025 Guangzhou Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် နယူးဇီလန် တင်းနစ်မယ် Lulu Sun ကို ၇-၆၊ ၆-၂ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ Ann Li က "ကျွန်မအခုလို 2025 Guangzhou Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ဝဲပုံ)(NGB)**

> အားကစား
> မြင့်တင်
> စိတ်လန်းရွှင်
> ဆန့်ကျင်
> မူးယစ်ဆေး။

## ဘာစီလိုနာအသင်းအား အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိဟု နည်းပြအလွန်ဆို ပြောကြား

**မက်ဒရစ် အောက်တိုဘာ ၂၇**

စပိန်လာလီဂါ ပွဲစဉ်(၁၀) အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက ဘာစီလိုနာအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြ အလွန်ဆိုက ယခုနိုင်ပွဲအတွက် အလွန်ကျေနပ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။



ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၂ မိနစ်တွင် ဘာပေ၊ ပွဲချိန် ၄၃ မိနစ်တွင် ဘယ်လင်ဟာမ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

နည်းပြ အလွန်ဆိုက "ယခုနိုင်ပွဲအတွက် အလွန်ကျေနပ်မိပါတယ်။ အသင်းသားတွေရဲ့ စွမ်းဆောင်ရည်ကိုလည်း အားရပါတယ်။ နောက်ထပ်လာမည့် ပွဲစဉ်တိုင်းကိုလည်း အနိုင်ရရှိအောင် ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ် (၁၀)ပွဲ ကစားအပြီးတွင် ရမှတ် ၂၇ မှတ်ဖြင့် အဆင့်တစ်နေရာတွင် ရပ်တည်ခဲ့သည်။ **(ဝဲပုံ)(NGB)**

## အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၉-၁၀-၂၀၂၅ | (၁၆)လက်ချီ - နာပိုလီ(၁) | လက်ချီ ၀-၁ နာပိုလီ | လက်ချီ(အိမ်) | ၄ | - | ၂ | ၂ | ၃ | ၆ |
| နံနက်၀၀း၀၀နာရီ | (L,D,W,D,L) (W,L,W,L,W) | နာပိုလီ ၁-၀ လက်ချီ | နာပိုလီ(ဧည့်) | ၄ | ၂ | - | ၂ | ၆ | ၄ |
| ၂၉-၁၀-၂၀၂၅ | (၇)အတ္တလန်တာ - အေစီမီလန်(၃) | အတ္တလန်တာ ၂-၁ အေစီမီလန် | အတ္တလန်တာ(အိမ်) | ၄ | ၁ | ၃ | - | ၆ | ၃ |
| နံနက်၀၁း၁၅နာရီ | (W,D,D,D,D) (W,W,D,W,D) | အေစီမီလန် ၀-၁ အတ္တလန်တာ | အေစီမီလန်(ဧည့်) | ၃ | ၂ | ၁ | - | ၅ | - |

## အင်္ဂလိပ် ကာရာဘောင်း လိဂ်ဖလားဘောလုံးပြိုင်ပွဲ(၁၆-သင်းအဆင့်)ပွဲစဉ် နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၂၉-၁၀-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၂း၁၅ နာရီ | ဂရင်စဘီ - ဘရန့်ဖို့ဒ် (လိဂ်II-၆) (ပရီးမီးယား-၁၁) | ဂရင်စဘီ ၀-၁ ဘရန့်ဖို့ဒ်<br>ဘရန့်ဖို့ဒ် ၄-၀ ဂရင်စဘီ |
| " | " | ဝိုင်ကွမ်ဘီ - ဖူလ်ဟမ် (လိဂ်I-၁၇) (ပရီးမီးယား-၁၇) | ဝိုင်ကွမ်ဘီ ၀-၂ ဖူလ်ဟမ်<br>(၉-၈-၂၀၀၇ လိဂ်ဖလား) |
| " | နံနက် ၀၂း၃၀ နာရီ | ဝရက်ဇ်ဟမ်း - ကာဒစ်ဖ် (ချန်ပီယံရှစ်-၁၆) (လိဂ်I-၁) | ဝရက်ဇ်ဟမ်း ၁-၃ ကာဒစ်ဖ်<br>ကာဒစ်ဖ် ၃-၂ ဝရက်ဇ်ဟမ်း |

# ဘဏ္ဍာရေးဆိုင်ရာ မွမ်းမံသင်တန်း ဖွင့်ပွဲကျင်းပ



**မကွေး အောက်တိုဘာ ၂၇**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးမှ ကြီးမှူးကျင်းပသော ဘဏ္ဍာရေးဆိုင်ရာမွမ်းမံသင်တန်း၊ အမှတ်စဉ်(၁/၂၀၂၅)သင်တန်းကို ယမန်နေ့က ညွှန်ကြားရေးမှူး မြို့ပြရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဘဏ္ဍာရေးဆိုင်ရာ (မွမ်းမံ)သင်တန်းသို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးချုပ် (နေပြည်တော်)၊ ငွေစာရင်းဌာနခွဲမှဒုတိယညွှန်ကြားရေးမှူး(ဘဏ္ဍာရေး) အပါအဝင် မကွေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မကွေးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးတို့က ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် တက်ရောက်သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ ဘဏ္ဍာရေးဆိုင်ရာ မွမ်းမံသင်တန်းသို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဦးစီးအရာရှိ (ဘဏ္ဍာရေး)နှင့် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးများမှ တာဝန်ခံစာရင်းကိုင်များ အပါအဝင် သက်ဆိုင်ရာခရိုင်အလိုက် ငွေစာရင်းဝန်ထမ်းများ၊ စုစုပေါင်း သင်တန်းသားဦးရေ ၂၂ ဦးတို့အား သက်ဆိုင်ရာတာဝန်ရှိသူ အသီးသီးက သက်ဆိုင်ရာကဏ္ဍများအလိုက် သင်ကြားပို့ချဆွေးနွေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မောင်နိုင်မင်း(ပြန်/ဆက်)**

* - * - * - * - * - *



# လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းဖွင့်

**တောင်ကြီး အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းအမှတ်စဉ်(၁၁/၂၀၂၅) သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက တောင်ကြီးမြို့၊ UCT Hotel ခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုသင်တန်းသည် မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ တောင်သူလယ်သမားများ၏အကျိုးစီးပွားတိုးတက်ရေး၊ အစားအစာ ဘေးကင်းလုံခြုံစိတ်ချရေး၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့ချရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပိုးသတ်ဆေးရောင်းချသူများအနေဖြင့် တောင်သူ၊ လူနှင့်ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်သော သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်စေရေး၊ သုံးစွဲသင့်သည့် ပိုးသတ်ဆေးများကို လယ်သမားများအား စနစ်တကျ ရောင်းချပေးရန်လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဦးစီးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆိုင်းရောမှ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက သက်ဆိုင်ရာဘာသာရပ်အလိုက် အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

(အပေါ်ပုံ)

အဆိုပါသင်တန်းအား အောက်တိုဘာ ၂၅ရက်မှ ၂၇ရက်အထိ ၃ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး၊ ပိုးသတ်ဆေးရောင်းချသည့် လုပ်ငန်းရှင်များ ရှမ်းပြည်နယ်တောင်ပိုင်းမှ ၁၁၃ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ငါးဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ၁၀ဦး၊ ကယားပြည်နယ်မှ နှစ်ဦး၊ စုစုပေါင်း သင်တန်းသား ၁၃၀ဦး တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပညာရေးမိသားစု မြတ်ဆရာပူဇော်

**ပုသိမ်ကြီး အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့နယ်ပညာရေးမိသားစုများ၏ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၉နာရီက အ·ထ·က ပုသိမ်ကြီးရှိ အောင်ဇမ္ဗူခန်းမဆောင်၌ကျင်းပရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးညွန့်ဆန်း၊ အဖွဲ့ဝင် ဒေါ်လွင်လွင်နု၊ မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်၊ မြို့နယ်အတွင်းမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အ·ထ·က ပုသိမ်ကြီး Grade -11 ကျောင်းသား၊ ကျောင်းသူများက 'မြတ်ဆရာ' တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူးက မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချီးဖြင့် ရှိသေစွာ ကန်တော့ကြပြီး ကန်တော့ခံ ဆရာကြီးဦးဝင်းက ဆုံးမဩဝါဒစကားပြောကြားကာ၊ ကန်တော့ခံ ဆရာကြီး ဦးကိုကိုမှ ပေးပို့သော ကဗျာအား ဆရာကြီး ဦးချစ်သိန်းက ဖတ်ကြားပေးခဲ့သည်။



အစီအစဉ်အရ တက်ရောက်လာကြသည့် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုငွေများကို တာဝန်ရှိသူများက အသီးသီး ပေးအပ်ကန်တော့ကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူလေးများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ခဲ့ကြပြီး၊ မြို့နယ်ပညာရေးမှူး၏ မတည်အလှူငွေဖြင့် နောက်နှစ်များတွင်လည်း ခမ်းနားစွာကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၀၉၅)



## မိုးစပါး(အောင်နိုင်တိုး)မျိုးသန့်ပွားစိုက်ခင်း စံကွက်ရိတ်သိမ်းခြင်း ကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ခုနှစ်၊ မိုးစပါး(အောင်နိုင်တိုး) မျိုးသန့်ပွားစိုက်ခင်း စံကွက်ရိတ်သိမ်းခြင်း အခမ်းအနားကို ယမန်နေ့က ယန်းလောကျေးရွာအုပ်စု၊ တောင်သူဦးစိုင်းယီတစ်၏ လယ်မြေတွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးလှဝင်းက မိုးစပါးစံကွက်ရိတ်သိမ်းရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ကျိုင်းတုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးစောမင်းသူနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသည့် တောင်သူများက ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းမှုအား ကြည့်ရှုအားပေးကြသည်။ အဆိုပါ မိုးစပါး(အောင်နိုင်တိုး) စံကွက်ရိတ်သိမ်းရာတွင် အစိုတင်း ၁၀၀ ဒသမ ၈၄ တင်းထွက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) **မြို့နယ်(ပြန်/ဆက်)**

# မိုးစပါးစိုက် သမဝါယမအသင်းတောင်သူများအား စိုက်ပျိုးရေးအသိပညာပေး

**ညောင်ရွှေ အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ သမဝါယမအသင်းများမှ GW-11 အထွက်တိုးစပါး စံပြစိုက်ကွက်စိုက်ပျိုးထားသည့် မိုးစပါးစိုက် သမဝါယမအသင်းများ၏ စိုက်ခင်းများကို တာဝန်ရှိသူများက ကွင်းဆင်းအသိပညာပေးခြင်းကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက လွယ်မောကျေးရွာ ရွှေမင်းသားစိုက်၊ ထွေအင်းစိုက်ခင်း၊ ကြည်းထက်ကျေးရွာ မြပုလဲလယ်၊ ထွေအသင်းစိုက်ခင်းနှင့် သလဲဦးကျေးရွာ ရောင်နီဦးလယ်၊ ထွေ သမဝါယမအသင်းမှ အသင်းသားတောင်သူများ၏ စိုက်ဧကများ၌ ဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ခြင်းကို ညောင်ရွှေမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများ၊ ဂရိတ်ဝေါလ်ကုမ္ပဏီမှ စိုက်ပျိုးရေးပညာရှင် ဒေါ်ရင်ရင်မာနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး မိုင်ပျိုးကျေးရွာအုပ်စု ကြည်းထက်ကျေးရွာစာကြည့်တိုက်၌ မိုးစပါးစိုက်သမဝါယမအသင်းသားတောင်သူများအား နွေစပါး၊ မိုးစပါးစိုက်ပျိုးခြင်းနှင့် ဆီနေကြာစိုက်ပျိုးခြင်းနှင့်ပက်သက်၍ ဆောင်ရွက်သင့်သည့် နည်းလမ်းများအား အသိပညာပေးဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် အသင်းသားတောင်သူများ၏ မေးမြန်းချက်များကို ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# မန္တလေးခေတ်ကောင်ခြေက သုခမ္မာဇရပ်များ(၂)

ခိုင်ဆက်ဝေ

**မင်းတုန်းမင်းကြီးသည် ရတနာပုံ(မန္တလေး)မြို့တည်စဉ်က သတ္တဌာနတွင် သုခမ္မာဇရပ်တော်မှာ တစ်ခုအပါအဝင်ဖြစ်သည်။ သုခမ္မာဇရပ်တော်ကို မင်းတုန်းမင်း၏ မြောက်နန်းမတော်မိဖုရားက ငွေကျပ် ၃၂၇၀၀ ကျော် ကုန်ကျခံဆောက်လုပ်ခဲ့ရာ အတွင်းဝန်ယောမြို့စား မင်းကြီးမင်းလှမဟာစည်သူကို ကြီးကြပ်စေခဲ့သည်။ မြန်မာနှစ် ၁၂၂၃ ခုနှစ်တွင် ပြီးမြောက်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ဒဏ်ခံရကာ မီးလောင်ပြာကျခဲ့သဖြင့် အုတ်ခုံသာ ကျန်ရစ်ခဲ့သည်။**



သုခမ္မာဇရပ်တော်နှင့်ပတ်သက်၍ "ပြောက်နှ ပြောက်သေး၊ ကြေးခွေစိန်တောင်၊ ကြာမြှောင်ကြာထပ်၊ ကြာချပ်ကြာဖူး၊ ကြိုးပူးကြိုးလိမ်၊ အသိမ်အမွှေ့၊ အစေ့အစပ်၊ သပ်ရပ်လှစွာ၊ ကိန္နရီကိန္နရာ၊ ကြိုးကြာ စက္ကဝက်၊ ငှက်ရပ် သားရပ်၊ အမျိုးမျိုးတို့နှင့်တကွ၊ မှန်ကင်းရှစ်ဆူ၊ ရောင်လူညီးညီး၊ ရွှေထီးလေးဆိုင်၊ အပြိုင်ထပ်မှု၊ သတ္တဝါသ၊ သိကြားနေရာ၊ တာဝတိံသာ၊ သုခမ္မာဇရပ်ကြီးကဲ့သို့သော ဇရပ်တော်ကြီးကို လက်သမားဆရာ၊ ပညာမြင်မြော်၊ ဆရာကျော်တို့အား၊ ကံကျွေးလက်ခ၊ အုတ်အင်္ဂတေ၊ သံရွှေ သံရွေး၊ ဝိုက်ကွေး တိုင်ကြား၊ အခင်းကျောက်ဖြာ စသည်တို့နှင့် ကုန်ဝင်သည့် ငွေတော်သပြာ၊ သုံးသောင်းနှစ်ထောင်၊ ခုနစ်ရာရှစ်ဆယ်ကျော်တို့ကို၊ အတွင်းဝန် မြို့စား၊ မင်းကြီးမင်းလှမဟာစည်သူတို့၊ နှင်းအပ်ကြပ်မတ်၊ ကြီးမှူးလုံ့လ၊ ရိုးရင်းရသဖြင့်၊ ရွှေတောင် မောက်မောက်၊မြေကပေါက်သို့ "ဟူ၍ ယင်းခဲမောင်မောင် ပြုစုသည့် မန္တလေးတောင်တော်သမိုင်း(စာမူကြမ်း) တွင် ပါရှိသည်။

ထိုသုခမ္မာဇရပ်တော်ကို အခြေပြု၍ နောက် ငါးနှစ်အကြာ(မြန်မာနှစ် ၁၂၂၆ ခုနှစ်)တွင် သုခမ္မာဇရပ်တန်းဟုဆိုသည့် ဇရပ်ဆောင် ၃၃ ဆောင်ကို မှူးတော်မတ်တော်တစ်ဦးလျှင် တစ်ဆောင်စီ ကြီးကြပ်ဆောက်လုပ်စေခဲ့သည်။ ကုန်ကျငွေကို မင်းတုန်းမင်းကြီးက ထုတ်ပေးသည်။

သုခမ္မာဇရပ်တော်များကို ကြီးကြပ်ဆောက်လုပ်ခဲ့သူများနှင့်ပတ်သက်၍ တစ်စိတ်တစ်ဒေသ ဖော်ပြရလျှင် -

(၁) မြတောင်မြို့စား၊သေနတ်ဝန်ကြီး၊သတိုးမင်းကြီး မဟာမင်းလှကျော်သူဘွဲ့ခံ ပန်းပဲမင်းကြီး ဦးမှို့က တစ်ဆောင် တာဝန်ယူခဲ့သည်။ သူသည် မြို့တော်တည်ထောင်စဉ်က မြို့ရာဖော်ဆောင်ရာမှာ ကွင်းဆင်းဆောင်ရွက်ခြင်းမှစ၍ နန်းတော်မြို့ရိုးတည်ဆောက်သည့်လုပ်ငန်းများအထိ ပါဝင်သူတစ်ဦးဖြစ်သည်။ မြန်မာနှစ် ၁၂၂၈ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့် မြင်ကွန်း၊ မြင်းခုံတိုင် အရေးတော်ပုံတွင် ကနောင်မင်းသားနှင့်အတူ လုပ်ကြံခံခဲ့ရကာ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်တွင် ကွယ်လွန်ခဲ့လေသည်။

(၂) နောက်တစ်ဦးမှာ ရှေ့တော်ဝင်းမှူး ဦးလုံးဖြစ်ပြီး ကိုးခရိုင်အုပ်၊ သူရဲဝန်၊ အမြင့်မြို့စား သတိုးမင်းကြီး မဟာသမိန်ဗေဖြတ်စဘွဲ့ခံ ရာထူးများရရှိထားသည်။ သူသည်လည်း မန္တလေးနန်းမြို့တည်ဆောက်ရာ၌ အရေးပါသည့်နေရာက တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ မြင်ကွန်းမြင်းခုံတိုင် လုပ်ကြံမှုတွင် ကနောင်မင်းသားနှင့်အတူ တစ်နေ့တည်း အနိစ္စရောက်ခဲ့ရှာသည်။

(၃) နောက်တစ်ဦးမှာ မဟာမင်းလှရာဇာသူဘွဲ့ခံ ကင်းဝန်ဦးမာလိန်ဖြစ်သည်။သူလည်း လုပ်ကြံမှုဖြစ်စဉ်တွင် ကွယ်လွန်ခဲ့သည်။ မြင်ကွန်းမြင်းခုံတိုင်မင်းအဖွဲ့သားများက လွှတ်တော်ကို ဝင်ရောက်စီးနင်းချိန်တွင် မင်းတုန်းမင်းကြီးက ယာယီစံနန်းတော် မြေနန်းဘုံသာဘက်သို့ ပြေးထွက်လာသည်။ ရုတ်ရုတ်သဲသဲဆူညံသံများ ကြားရသဖြင့် ထွက်ကြည့်ရာ မြင်ကွန်းမင်းသားက ဓားနှစ်လက်နှင့် ပြေးလာသည်ကို မြင်လိုက်၍ ခမည်းတော်ကို မကြံစည်ကောင်းပါဘုရားဟုပြောရင်း မြင်ကွန်းမင်းသားကို ဖက်ထားသည်။ ထိုအခါ မြင်ကွန်းဘက်တော်သားများက ဓားဖြင့် ဝိုင်းခုတ်ကြသဖြင့် ထိုနေရာတွင် အနိစ္စရောက်ခဲ့သည်။

(၄) မိုင်းကိုင်အတွင်းဝန် ခင်မမင်းဝံ ဦးယံဖြစ်သည်။ သူသည် ပိဋကတ်တော်သမိုင်းကို ရေးသားပြုစုခဲ့ပြီး ပညာရှင်များက ကျမ်းကိုးအဖြစ် လက်ကိုင်ထားရသည့် ကျမ်းတစ်ခုဖြစ်သည်။ သမီးတော်မှာ မင်းတုန်းမင်းကြီး၏ အရှင်နန်းမတော်ဖုရား၏ အပျိုတော် သုစိတ္တာဖြစ်ပြီး ဝက်မစွတ်ဝန်ထောက်မင်းနှင့် လက်ဆက်ထားသူဖြစ်သည်။သားတစ်ယောက်၊ သမီးသုံးယောက် ထွန်းကားခဲ့ပြီး သမီးအလတ် ဝက်မစွတ် ခင်ခင်လတ်ကြီးမှာ စာရေးဆရာမကြီး ဒေါ်ခင်ခင်လေး၏ မိခင်ဖြစ်သည်။

(၅) တောင်ထားဝယ်ဗိုလ် ဦးရွှေတိုးမှာ မင်းတုန်းမင်း၏မိဖုရား သနဇရစ်မိဖုရားနှင့် မောင်နှမတော်စပ်သူဖြစ်သည်။ သူ၏ဇနီးမှာ တိုင်တားမြို့စား လွှတ်တော်ဝန်ကြီး ဦးဘိုး၏ သမီးအကြီးဖြစ်သည်။ တောင်ထားဝယ်ဗိုလ် ဦးရွှေတိုးမှာ အမရပူရ ပုထိုးတော်ကြီးဘုရားတောင်ဘက် သကျသီဟ ဘုရားပွဲတော်တွင် မီးကျည်ထိမှန်၍ အနိစ္စရောက်ခဲ့သည်ဟု ဆရာတော်ဦးပညာက အထောက်အထားများနှင့် ရေးသားခဲ့ပြီး မော်ပီဆရာဦးသိန်းကြီးကလည်း အမရပူရ ရတနာ့ဂူဘုရားပွဲတွင် မီးကျည်မှန်ပြီး အနိစ္စရောက်သည်ဟု ရေးသားခဲ့သည်။

(၆) နောက်တစ်ဦးမှာ မြေဒူးမြို့စားမင်းကြီး မဟာမင်းလှခေါင်ဘွဲ့ခံ လက်ဝဲဝင်းတော်မှူး ဗိုလ်လှိုင်ဖြစ်သည်။ ရွှေပြည် ဦးဘတင်၏ အဘိုးဖြစ်သည်။ နန်းမြို့ အရှေ့မြောက်ဆောင်ကို တည်ဆောက်ခဲ့သည်ဟု ရွှေပြည်ဦးဘတင်က ပြောခဲ့ကြောင်းသိရပြီး သူ၏သားမှာ ဦးဝင်းဖေ(ရုပ်ရှင်ဒါရိုက်တာ၊ပန်းချီ) ဖြစ်သည်။ အဆိုတော် မီမီဝင်းဖေမှာ ဦးဝင်းဖေ၏သမီးဟု ဆိုပါသည်။

(၇) သုခမ္မာဇရပ်တစ်ဆောင် ဆောက်လုပ်ခဲ့ရသူ နောက်တစ်ဦးမှာ ရွှေမြို့တော်ဝန် ဦးသာအိုးဖြစ်ပြီး သူ၏ရာထူးဌာနန္တရ အပြည့်အစုံမှာ မြို့သာမြို့စား ရွှေမြို့တော်ဝန်မင်းကြီး သီရိမဟာမင်းလှမင်းခေါင်သူရိန်ဘွဲ့ခံ ရွှေမြို့တော်ဝန် ဦးသာအိုးဖြစ်ပြီး သီပေါမင်းလက်ထက်တွင် မြို့တော်ဝန်အရာကျခဲ့သည်။

(၈) နောက်တစ်ဦးမှာ လယ်ဝန်သံတော်ဆင့် မဟာမင်းလှစည်သူဘွဲ့ခံ လယ်ဝန်မင်း ဦးစီဖြစ်၍ အတွင်းဝန် ဦးသာ၏သားဖြစ်သည်။သူသည် မြန်မာစာပေသမိုင်းတွင် ထင်ရှားသူလည်းဖြစ်ပြီး မြေနန်းဘုံသာ ယာယီစံနန်းတော်အနီးရှိ လွှတ်တော်တွင် ကနောင်မင်းသားနှင့်အတူ အစည်းအဝေးထိုင်နေစဉ် မြင်ကွန်းမြင်းခုံတိုင်တို့ လက်ပါးစေများက ဝင်ရောက်စီးနင်းခံရသည်။ အပြေးကောင်းသောကြောင့် အသက်ဘေးမှ လွတ်ခဲ့သော်လည်း ဓားဒဏ်ရာ အနည်းငယ်ရခဲ့သည်ဟု သိရသည်။

(၉) မြို့သစ်မြို့စား ဝန်ထောက်မင်းကြီး မဟာဘွဲ့ခံ ဗိုလ်မှူးဝန်ထောက် ဦးအောင်တိုးသည် မိုးနဲဗိုလ်မှူးဖြစ်သည်။ ဗိုလ်မှူးဝန်ထောက် ရာထူးချီးမြှင့်ခံရသူဖြစ်ပြီး ယုံကြည်စိတ်ချရသော မှူးမတ်များအား ဘုရင်က ချီးမြှင့်သော ရာထူးဖြစ်သည်။ သီပေါမင်းလက်ထက်တွင် ရာထူးချခံခဲ့ရသော်လည်း လက်ရုံးရည် ပြည့်စုံထူးချွန်သူဖြစ်သည့်အတွက် ဝန်ထောက်ရာထူးကို ပြန်လည်အပ်နှင်းခံခဲ့သည်ဟု ဆိုပါသည်။

(၁၀) သုခမ္မာဇရပ် တည်ဆောက်ခဲ့သူ မိုးနဲစစ်ကဲ၊ မြေဒူးမြို့စား၊ သတိုးမင်းကြီး မင်းကျော်မင်းခေါင်ဘွဲ့ခံ ဦးမငသည် မြေဒူးမြို့စား မဟာမင်းလှမင်းခေါင်ကွယ်လွန်ပြီးနောက် ထိုနေရာတွင် ဆက်ခံ၍ အပိုင်စားရရှိခဲ့သည်။ သီပေါမင်းလက်ထက် တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ၌ ဦးမငသည် တပ်သားအင်အား ၁၂၅၀ကို အုပ်ချုပ်၍ စစ်ချီခဲ့ရကြောင်း သိရသည်။

သုခမ္မာဇရပ်တော်ကို အမီပြုပြီး ပဋိယတ္တိသာသနာအကျိုးအတွက် ရည်မှန်းတည်ဆောက်ခဲ့သည်ဟု သုံးသပ်နိုင်ပြီး မင်း၊ မိဖုရားကုသိုလ်တော်ပွားအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ဇရပ်တန်းမှာ အင်္ဂတေအုတ်ခုံနှင့် သစ်သားတိုင်လုံးများဖြင့် တည်ဆောက်ထားသော အမိုးနှစ်ထပ်၊ လည်ပေါ်တစ်ဆင့်ခံ ထားဝယ်ဆောင်ပုံစံဖြစ်သည်။အုတ်ခုံစိန်ရံသမံတလင်းနှင့်တကွ လေးပင်၊ ခုနစ်ပင်၊ သုံးဖက်ပျဉ်ကာ လေးခန်းဖြစ်သည်။

ထုပ်စွပ်၊ယောက်စွပ်စနစ်ဖြင့် တည်ဆောက်ထား၍ ပတ်လည်တွင် အမွှမ်းပန်းများတပ်ဆင်ထားသည်။ တိုင်လုံးများပတ်လည်တွင် သစ်သားကနုတ်များနှင့် လည်ပေါ်တွင် သစ်သားပန်းပွင့်များ တပ်ဆင်ထားသည်။ မျက်နှာကြက်တွင်လည်း သစ်သားပန်းကနုတ်များ၊ လူပုံရုပ်များဖြင့် ခမ်းနားအောင် တန်ဆာဆင်ထားသည်။ဇရပ်ဆောင်များမှာ ပျမ်းမျှအားဖြင့် အလျား ၅၁ ပေ၊ အနံ ၂၇ပေ၊ အမြင့် ၃၁ ပေဖြစ်၍ ကျွန်းတိုင်လုံးပတ်မှာ ငါးပေခန့်ရှိပြီး ဇရပ်တစ်ဆောင်လုံးတွင် ဟင်္သာပြဒါး ဆေးခြယ်ထားကာ အခိုင်အမာ တည်ဆောက်ခဲ့လေသည်။

မြန်မာနှစ် ၁၃၀၇ ခုနှစ်တွင် သာသနာပြုရသေ့ကြီး ဦးခန္တီသည် မန္တလေးတောင်သို့ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် သုခမ္မာဇရပ်ဆောင် ၂၃ ဆောင် ကျန်ရှိပြီး သစ်သားအမိုးများအစား သွပ်မိုး၍ သွပ်နှင့် ပြုလုပ်ထားသည့် အမွှမ်းပန်းများ တပ်ဆင်ခဲ့သည်။ ဇရပ်အတွင်း၌ ဆရာအေးနှင့် ဆရာမြတို့ ရေးဆွဲထားသည့် နိပါတ်တော်လက်ရာ ပန်းချီများဖြင့် တန်ဆာဆင်ခဲ့ ကြောင်းသိရသည်။ မြန်မာနှစ် ၁၃၂၉ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် (၁၂-၅-၁၉၆၇ခုနှစ်) တွင် လေပြင်းမုန်တိုင်းဒဏ်ကြောင့် ဇရပ်လေးဆောင် ထပ်မံပျက်စီးခဲ့ရာ ၁၉ ဆောင်သာ ကျန်ရှိတော့သည်။

ရတနာပုံ(မန္တလေး)က မင်းတုန်းမင်းကောင်းမှု သုခမ္မာဇရပ်တန်းမှ ဇရပ် ၃၃ဆောင်အနက် ကျန်ရှိနေသေးသော ၁၉ ဆောင်မှာ မျက်မှောက်ကာလတွင် လေ့လာနိုင်သည့် သမိုင်းအမွေအနှစ်ဖြစ်သည်။ အစဉ်တည်တံ့ရေးအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက စောင့်ရှောက်ထိန်းသိမ်းထားသည်ဖြစ်ရာ မင်းတုန်းမင်း၏ သာသနာအတွက် ကြီးပမ်းဆောင်ရွက်ချက်တစ်ခုဖြစ်သည်ဟု နောင်းလူများ သိမှတ်ထားသင့်သည်ဟု ဆိုချင်ပါတော့သည်။



# ဆေးလိပ်ငွေ့ကင်းစင် အင်းလေးတစ်ခွင် အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူ



**ညောင်ရွှေ အောက်တိုဘာ ၂၇**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှ ဆောင်ရွက်သည့် ဆေးလိပ်ငွေ့ကင်းစင် အင်းလေးတစ်ခွင် မြေစိုက်ပိုစတာစိုက်ထူပွဲကို အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီက ညောင်ရွှေမြို့နယ်၊ရွှေရန်ပြေကျေးရွာအနီးရှိ ညောင်ရွှေ-ရွှေညောင်ကားလမ်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါမြေစိုက်ပိုစတာအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်အနေဖြင့် တိုးချဲ့ဖော်ဆောင်ရေးဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က Smoke Free Award ဆုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

၄င်းနောက် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်စစ်ထွန်းက Smoke Free Activities နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ဆေးလိပ်ငွေ့ကင်းစင်ရေးနှင့် စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်းနှင့် အခမ်းအနားအပြီးတွင် တက်ရောက်လာသည့် ဧည့်သည်တော်များနှင့် တက်ရောက်လာသူများ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးပွဲတော် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၇**

ကျောင်းသား၊ကျောင်းသူများအား စာအုပ်၊ စာပေများနှင့်ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားလာစေရန်ရည်ရွယ်၍ ရှမ်းပြည်နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်နှင့်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီက ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဓာဇခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ပြည်နယ်ဦးစီးမှူး ဦးစိုးညွှန့်ရွှေက အမှာစကားပြောကြားပြီးနောက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စာပေဟောပြောပွဲတွင် ပါဝင်ဟောပြောခဲ့သည့် စာပေပညာရှင်များနှင့် ဉာဏစမ်းပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်အဖြစ် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် စာရေးဆရာများနှင့် ဆရာ၊ ဆရာမများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဉာဏစမ်းပြိုင်ပွဲများတွင် ဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်သရုပ်ပြတင်ဆက်သည်။ ဆက်လက်၍ ထာဝရသစ္စာသီချင်းဖြင့်လည်းကောင်း၊ မှုံရွှေရည်သီချင်းဖြင့် လည်းကောင်း၊ ပညာဘဏ်တိုက်စာကြည့်တိုက်သို့သွားကြစို့ သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများအား ကလောမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ၊ ရှမ်းပြည်နယ် စာကြည့်တိုက်များဖောင်းဒေးရှင်း နာယကနှင့်အဖွဲ့ဝင်များ၊တောင်ကြီးနှင့် ကလောမြို့နယ်မှ စာရေးဆရာ အသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်

**သရက် အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက်ပညာသင်တန်းကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက ခရိုင်ပြည်သူ့စာကြည့် (Community Centre) ခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါ သင်တန်းတွင် လက်ထောက်မြို့နယ်ပညာရေးမှူး ဒေါ်စုလှိုင်မြင့်က အမှာစကားပြောကြားခဲ့ပြီး သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်က စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေး၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်းများအား ဆက်လက် ပို့ချခဲ့သည်။



အဆိုပါ သင်တန်းတွင် စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာငှားစနစ်၊ စာအုပ်များ စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်း၊ စာကြည့်တိုက်များ အောင်မြင်ရေးစသည့်တို့ကို နှစ်ရက်ကြာ ပို့ချဆွေးနွေးမည်ဖြစ်ပြီး အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ ၃၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)**

**ဇော်ထက်(သရက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## မဲပေးကြပါစို့

* ဒီမိုကရေစီ ဖော်ဆောင်ရေး
ကြံတွေးခဲ့ ပြည်သူတွေ
မကြာခင်ရွေးကောက်ပွဲ
နွှဲကြမည်လေ ။

* ရွေးကောက်ပွဲရလဒ်အောင်
ခေါင်းဆောင်တွေ ရွေးချယ်ဖို့
လွှတ်တော်ဝယ် အတူဆွေးနွေး
ရည်တွေးလို့ ပန်းတိုင်သို့
လှမ်းတက်ကြစို့ ။

* တို့နိုင်ငံ စီးပွားရေးမို့
စဉ်တွေးဖို့ လိုသနော်
ကိုယ်စားလှယ်ခေါင်းဆောင်သစ်တို့
ရွေးစစ်တူပျော် ။

* တိကျလို့ မြန်ဆန်သနော်
ရည်သန်သည့်မဲများ
မှန်တကယ် ရွေးချယ်ကြမယ်
စနစ်ထူးခြား ။

* မျှတသည့် ရွေးကောက်ပွဲ
ဆင်နွှဲဖို့ ကြိုစီမံ
အီလက်ထရောနစ် မဲပေးစက်
သွက်လက်မှန်ကန် ။

* တွေးမချော် မလွဲရန်
တစ်ပြည်လုံးရည်သန်
ပန်းတိုင်မှန် တို့မဝေးဖို့
မဲပေးကြစို့ ။ ။

**မောင်မောင်လင်းထွန်း(နန်းတော်ရှေ့)**



# ဆားတောင်ဆရာတော် ဦးပညာဏိက သက်တော် တစ်ရာပြည့်ပူဇော်ပွဲ

စာရေးသူထံသို့ မန္တလေးက ဓမ္မမိတ်ဆွေ ဦးကျော်ဦးက ဖုန်းဆက်သည်။ ဆားတောင်ဆရာတော်ကြီး သက်တော် တစ်ရာပြည့်အထိမ်းအမှတ် ပူဇော်ပွဲကျင်းပဖို့ ရန်ကင်းတောင်ခြေ ဆားတောင်ကျောင်းတိုက်တွင် ၂၇-၉-၂၀၂၅ အစည်းအဝေးကျင်းပမှာမို့ အစည်းအဝေးတက်ရောက်ဖို့ သူ့ကားနှင့် လာခေါ်မည်ဟု ဆိုသည်။ ညနေပိုင်းတွင် ကျင်းပမည်ဟု ဆိုသည်။

စာရေးသူ ဆားတောင်ဆရာတော်ကြီး သက်တော် တစ်ရာပြည့် ပူဇော်ပွဲကို ကြည်ညိုသဒ္ဓါတရားဖြင့် အစည်းအဝေးကို တက်ရောက်ဖြစ်ခဲ့သည်။ ဆားတောင်ဆရာတော်ကြီးနှင့် စတင်တွေ့ဆုံခဲ့ရခြင်းကို ပြောပြချင်သည်။ ၁၉၈၅ ခုနှစ် ဆရာတော်ကြီး မန္တလေးမြို့ ရပ်ကွက်များနှင့် ပုသိမ်ကြီးမြို့သို့ အလှူခံကြွရောက်တော်မူသည်။ ထိုစဉ်က စာရေးသူသည် အလှူခံစဉ်တစ်လျှောက် အသံချဲ့စက်မော်တော်ယာဉ်ဖြင့် နိဗ္ဗာန်ဆော် ကောင်းမှုပြုခဲ့သည်။ ထူးခြားသည်မှာ ဆရာတော် ကြွရောက်လေရာ လမ်းမကြီးတစ်လျှောက်လုံး ပန်းမွှေ့ရာများ ခင်းကျင်းပူဇော်ကြခြင်းကို အံ့မခန်း မြင်တွေ့ခဲ့ရပါလေ၏။ ထိုစဉ်က ဓမ္မစကြာ ဆရာတော်ကြီးက ဝေဘူဆရာတော်ကြီးလိုပဲဟု ဆိုသည်။ ဆရာတော် အလှူခံပြီးစီးချိန် ပုသိမ်ကြီး ဓမ္မစကြာဝိမာနကျောင်းတိုက် ဓမ္မာရုံကြီးမှာ နေ့ဆွမ်းဆက်ကပ်ကြသည်။ ဆွမ်းဆက်ကပ်ပြီးသောအခါ ဆရာတော်က တရားဟောကြားသည်။ ထိုတရားပွဲတွင် "မဟာသီဝမထေရ်"တရားတော်ကို ဟောကြားတော်မူခဲ့သည်။

ထိုနှစ်တွင် ရန်ကင်းတောင်ခြေ သာသနာ့ရိပ်သာတွင် ဝါဆိုပြီး တရားစခန်းဖွင့်ကာ ဝေနေယျများကို တရားပြပေးတော်မူသည်။ စာရေးသူသည် ထိုစဉ်က တောင်သူအလုပ်ဖြင့် လုပ်ကိုင်နေသူဖြစ်သည်။ ဆရာတော် တရားစခန်းကို ရက်မပျက်အားထုတ်ခဲ့သည်။ တစ်ရက်မှာ ဆရာတော်က ညနေပိုင်း "ထွန်းခင်" "ဘုရား" "ဒီကနေ့ ညနေပိုင်း ရွာဂေါပကတွေ အစည်းအဝေးလုပ်လိမ့်မယ်။ အဲ့ဒီအဖွဲ့ကို မင်း ဖျက်ပစ်လိုက်"။

စာရေးသူ ဆရာတော်မိန့်ကြားချက်ကို အံ့အားသင့်သွားသည်။ ဆရာတော် အမိန့်အတိုင်း ဆရာတော်ကို ဝတ်ချပြီး ဂေါပကအစည်းအဝေးကျင်းပမည့်ကျောင်းဆောင်ပေါ်သို့ တက်ခဲ့သည်။ ဂေါပကလူကြီးမင်းတွေ စုံညီနေကြသည်။ ထိုသူတို့၏ အမည်နာမများကို မဖော်ပြလိုပါ။ ထိုပုဂ္ဂိုလ်များသည် ဂုဏ်သရေရှိပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

အစည်းအဝေးစပြီဆိုသောအခါ စာရေးသူက မတ်တတ်ရပ်ပြီး "လူကြီးမင်းတို့ခင်ဗျာ ကျွန်တော် ရိုရိုသေသေ တင်ပြပါရစေ။ တခြားမဟုတ်ပါဘူး။ လူကြီးမင်းတို့ ဂေါပကအဖွဲ့ကို ဖျက်ပစ်လိုက်ပါလို့ ဆရာတော်က မိန့်ကြားပါတယ်။ ဒါကြောင့် လူကြီးမင်းတို့ ဂေါပကအဖွဲ့ကို ဖျက်သိမ်းပါကြောင်း ပြောကြားပါတယ်"။

စာရေးသူ စကားရပ်သွားသောအခါ ဂေါပကအဖွဲ့လူကြီးမင်းတွေ ဒေါသတရားတွေနဲ့ ဆရာတော်ကြီးကို အမနာပစကားတွေဖြင့် ပြောဆိုကြပါလေ၏။ ပုဂ္ဂိုလ်တစ်ဦးက "ငါတို့က ရဟန္တာအမှတ်နဲ့ ကိုးကွယ်နေကြတာ။ ဘာရဟန္တာမှ မဟုတ်ဘူး" စသဖြင့် ရင့်သီးသော စကားများဖြင့် စွပ်စွဲပုတ်ခတ်ကြပြီး ကျောင်းဆောင်ပေါ်က ဒေါသတရားတွေနှင့် ဆင်းသွားကြပါလေသည်။

ထိုဂေါပကအဖွဲ့ ပြန်သွားသောအခါ ညတရားစခန်း အားထုတ်မည့်ယောဂီများနှင့် တရားစမည့်ဓမ္မာရုံမှာ ညစဉ်အားထုတ်ကြသည့် ယောဂီများ တရားပွဲမစမီ ဆရာတော်က "ထွန်းခင်" "ဘုရား" "မင်းရဲ့ ရဲရဲရင့်ရင့် စကားကို ဆရာတော်ကြားရတယ်ကွယ်"။

ရဲရဲရင့်ရင့်ဆိုသော ဝေါဟာရကို ဆရာတော် ဘယ်နားက ကြားရပါလိမ့်။ ဆရာတော် ကျန်ရစ်ခဲ့တဲ့နေရာနှင့် အစည်းအဝေးလုပ်မည့် ကျောင်းတိုက်က အတော်လေးဝေးသည်။ ဆရာတော် ဘယ်လိုများ ကြားခဲ့ပါသနည်း။ ထူးခြားချက်တစ်ရပ်ပင် ဖြစ်ခဲ့သည်။

ဂေါပလူကြီးမင်းတွေကို စာရေးသူ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့ရသည်။ ဆရာတော်ကြီးကို အမနာပ ပြောခဲ့ကြသော သူတို့ အကုသိုလ်ကို တွေးပြီး ကြောက်ရွံ့မိခဲ့သည်။

ဆရာတော် ဂေါပကအဖွဲ့ ဖျက်သိမ်းခိုင်းခြင်းကို ရက်သတ္တတစ်ပတ်တွင် သိခဲ့ရပါလေ၏။ နိုင်ငံတော်မှ ငွေစက္ကူများ တရားမဝင်ကြေညာခဲ့ခြင်းဖြစ်ပါလေ၏။ ငွေစက္ကူများ တရားမဝင် ကြေညာသောအခါ ဂေါပကအဖွဲ့က ဆရာတော်ဘုရား မန္တလေးမြို့နှင့် ပုသိမ်ကြီးမြို့နယ်အတွင်းမှ အလှူခံရရှိခဲ့သော ငွေစက္ကူများအား တရားမဝင်ဖြစ်သွားသော ငွေစက္ကူများဖြင့် ဆရာတော်ကို အပ်ကြပါလေ၏။ စာရေးသူနှင့် ထိုစဉ်က ဒုလ္လဘဝတ်နေသော စခန်းမှူးတို့က ငွေစက္ကူနံပါတ်များကို စနစ်တကျ မှတ်သားပြီး ငွေစက္ကူများကို မြို့နယ်ရုံးသို့ အပ်နှံခဲ့ကြသည်။ ထိုသို့ အပ်နှံရာတွင် မြို့နယ်ရုံးသို့ ဆရာတော်ဘုရားကြီး၏ အများကောင်းမှု၊ သာသနာပြုနေဆဲ။ တည်ဆောက်စကျောင်းတိုက်များ၊ ဓာတ်ပုံများနှင့် တင်ပြအပ်နှံခဲ့သည်။ စည်းကမ်းချက်အရ ဆရာတော်၏ သံဃိကအလှူငွေများကို ပထမ ၂၅ ရာခိုင်နှုန်းပေးခဲ့ပြီး ဆရာတော်၏ အလှူတော်ငွေများကို နိုင်ငံတော်အစိုးရအား အကုန်လုံး ပြန်၍ ပေးခဲ့ပါလေ၏။ ထိုငွေများကို ဆရာတော်၏ တပည့်ရင်း မောင်စိန်မောင် ထုတ်သွားကြောင်း သိရှိရပါလေ၏။



ဆရာတော်၏ သာသနာပြုလုပ်ငန်းများ ဆက်လက်၍ တည်ဆောက်နိုင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ရန်ကင်းတောင်ခြေ ပရိယတ္တိ သာသနာပြုစခန်းတွင် ဂေါပကအဖွဲ့ မရှိတော့ဘဲ ကပ္ပိယအကျိုးတော်ဆောင်များသာ ရှိခဲ့ပါသည်။ ဆရာတော်ဆန္ဒဖြင့် ဂေါပကအဖွဲ့ မရှိတော့ပါ။ ဆရာတော်သည် နေရာဌာန သုံးဌာနသို့ တစ်လှည့်စီ ဝါဆိုတော်မူသည်။ (၁) ရန်ကင်းတောင်ခြေကျောင်း၊ (၂) ဆရာတော်၏ မွေးရပ်မြေ ဆားတောင်ကျောင်းနှင့် (၃) စဉ့်ကိုင်မြို့နယ် ကသဲကုန်းကျောင်းတို့ ဖြစ်သည်။

စာရေးသူတို့ ရန်ကင်းတောင်ခြေမှ နောက်နှစ် ဝါဆိုမည့် စဉ့်ကိုင်၊ ကသဲကုန်းသို့ ပြန်ကြွသောအခါ စာရေးသူတို့ လိုက်ပါပို့ဆောင်ခဲ့ကြသည်။ ဆရာတော် မွေးဖွားခဲ့ရာ ဆားတောင်ရွာသည် မန္တလေး-ရွှေဘိုကားလမ်းရှိ စစ်ကိုင်းမြို့နယ်၊ ဆားတောင်ရွာအုပ်စု၊ သင်းတွဲရပ်၊ ဆားတောင်မ ငါးရွာ၊ ဆားတောင်ရွာဖြစ်သည်။

ဆရာတော်ဘုရားကြီး၏ ငယ်နာမည်မှာ မောင်လတ်ဖြစ်သည်။ ဆားတောင်သင်းတွဲအုပ်စု ခမည်းတော် ဦးငွေခင်၊ မယ်တော် ဒေါ်ပြောင်းမယ်တို့မှ သား လေးယောက်၊ သမီး သုံးယောက်အနက် စတုတ္ထမြောက် သားလှရတနာဖြစ်သည်။ ဆရာတော်ကို (၂၉-၁၀-၁၉၂၅) ၁၂၈၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် နေ့ ၂ နာရီ အချိန်တွင် ဖွားမြင်ခဲ့သည်။ စာရေးသူသည် ဆရာတော်နှင့် တွေ့ဆုံပြီး တရားအားထုတ်ခြင်းကို အခါအားလျော်စွာ အားထုတ်ခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော်ခဲ့လေပြီ။

ဆရာတော်ကြီးက တရားအားထုတ်ခြင်းကိုသာ အဓိကထားသည်။ အခြားသောကိစ္စများကို သာမညအရာမှာ ထားသည်။ စာရေးသူ တရားအားထုတ်သောအခါ ဆရာတော်က သူ့ရှေ့မှာထားပြီး အားထုတ်စေသည်။ စာရေးသူက ဝေဒနာတက်မှာကို ကြောက်ပြီး တင်ပျဉ်ခွေသောအခါ သက်သက်သာသာရှိစေရန် ရိုးရိုးတင်ပျဉ်ခွေခြင်းကို ဆရာတော်က မဟာပလ္လင်ခွေပြီး ထိုင်ခိုင်းသည်။ မဟာပလ္လင်ခွေရခြင်းသည် ဝေဒနာကို အမြန်ဖြစ်စေသည်။ ထိုနေ့က အားထုတ်ရမည့် အချိန်သည် လေးနာရီအားထုတ်ရမည့်နေ့ဖြစ်သည်။ လေးနာရီခရီး ဖြစ်၍ နှစ်နာရီ ပြင်းပြင်းရှုရပါသည်။ နှာသီးဝတွင် စိတ်ကိုထားပြီး လေတိုးထိတိုင်း သတိကပ်ထားရသည်။

လေပြင်းပြင်းရှူသောအခါ နှာခေါင်းတစ်ခုလုံး ပူပြင်းသောဝေဒနာကို တွေ့ရပါတော့သည်။ နှစ်နာရီ အားထုတ်ထားခြင်းကြောင့် ဝရဏ တရားတွေ ကင်းကွာခဲ့လေပြီ။ ဆရာတော်က အရှူရပ်၊ အရှုံ့ရပ်၊ ခန္ဓာကိုယ်ကို စိုက်၊ မိမိခန္ဓာကိုယ်မှာ ဖြစ်ပေါ်လာတဲ့ ဝေဒနာကို စိုက်ရှု။

အာရုံတစ်ပါး၊ စိတ်မသွားစေနဲ့။ မိမိခန္ဓာကိုယ်မှာ ဖြစ်ပေါ်လာတဲ့ ဝေဒနာကို ရှု။ ဆရာတော်က မိမိရှေ့ ပလ္လင်ပေါ်ကထိုင်ပြီး ယောဂီများအခြေအနေကို ကြည့်ရှုနေဟန် ထင်ရပါသည်။

စာရေးသူ ထိုင်နေသည်မှာ နှစ်ပေပတ်လည် သင်ဖြူးလေးပေါ် ထိုင်နေခြင်းဖြစ်သည်။ စောစောက နှာသီးဝတွင် တွေ့ရှိခဲ့သော အပူသည် ခန္ဓာကိုယ်တစ်ခုလုံးသို့ ပျံ့နှံ့သွားခဲ့သည်။ ပူပြင်းရာမှ မီးတောက်မီးလုံးကြီးသည် တစ်ကိုယ်လုံး လောင်ကျွမ်းနေသော မီးတောက်မီးလျှံမီးပုံကြီးထဲ ထိုင်နေရသလို ဖြစ်သွားခဲ့လေသည်။

ဆရာတော်က ကြိတ်ရှု၊ မှိတ်ရှု၊ သည်းခံရှုဟု သတိပေးသံထွက်လာသည်။ မီးတောက်မီးလျှံများ တစ်ကိုယ်လုံး လောင်ကျွမ်းနေသော အပူမီးကို ကြိတ်မှိတ်ရှုနေရသည်။ တဖြည်းဖြည်း အပူမီးကြီး လျော့၍ လျော့၍ သွားခဲ့သည်။

လာပြန်ပြီ ဝေဒနာကြီး ခန္ဓာကိုယ်အတွင်းမှာရှိသော အူတွေ၊ အသည်း၊ နှလုံး စသော အတွင်းကလီစာများကို ဓားထက်ထက်နှင့် ပါးပါးလှီးဖြတ်နေသော ဝေဒနာကို ခံစားရပြန်သည်။ ထက်လှစွာသော အပ်များ၊ လှံသွားများနှင့် နေရာမလပ် ထိုးဆွနေသော ဝေဒနာကို တွေ့ရသည်။ ဆရာတော့်အသံက ပေါ်လာသည်။

"အရိုးကြွင်းလို့ အသားကြွေ၊ ကုန်ပေ့စေ။ အသား၊ အသွေး ၊ အသက်ကိုမှ မညှာရ။ သမ္မပ္ပဓာန်လေးပဲ။ ကြိတ်ရှု၊ မှိတ်ရှု၊ သည်းခံရှု ဝေဒနာဟာ မမြဲတရား။ ပြင်းထန်လွန်သော ဝေဒနာသည် တဖြည်းဖြည်း ဆုတ်သွားပြန်သည်။ အချိန်စေ့ဖို့က အတော်လိုသေးသည်။ ဆုတ်သွားသော ဝေဒနာက ခံစားရသည်မှာ တရိပ်ရိပ် လျော့သွားသည်။

